# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ် အာလီယေ့(ဗ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာတား ရာစီဇတ်(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ကြိုဆိုနှုတ်ဆက်

**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိလာရာ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီဂူရှာရန်ခါတို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇင်ယော်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့်ဇနီး၊ သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့အား တိုင်းရင်းသားတိုင်းရင်းသူလေးများက ဂုဏ်ပြုပန်းစည်းကမ်း၍ ဂါရဝပြုကြိုဆိုကြပြီး ဂုဏ်ပြုတပ်ဖွဲ့များကလည်း အလေးပြုကြိုဆိုကြသည်။

*စာမျက်နှာ ၂ ကော်လံ ၄* ■

## နေစွမ်းအင်သုံးအိုင်ဖုန်းများ အသုံးပြုနိုင်တော့မည်

**နယူးယောက် မေ ၂၇**

**Apple ကုမ္ပဏီထုတ် အိုင်တီနည်းပညာသုံးပစ္စည်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသာ အသုံးပြုတော့မည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို၂၀၁၂ ခုနှစ်ကုန်မှစတင်ကာ အကောင်အထည်ဖော်သုံးစွဲမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ မေ ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။**



၎င်းကုမ္ပဏီထုတ် အိုင်ဖုန်းနှင့် အိုင်ပက်များတွင် နေစွမ်းအင်သုံး ပစ္စည်းများထုတ်လုပ်သည့် ဆန်းပါဝါ ကုမ္ပဏီမှပစ္စည်းများကို ဝယ်ယူကာ တပ်ဆင်အသုံးပြုသွားမည် ဖြစ်သည်။ အိုင်ဖုန်းနှင့်အိုင်ပက်များ၏ ဓာတ်အားဖြည့်ဆည်းရာတွင် နေစွမ်းအင်ကို အလိုအလျောက်အားဖြည့် အသုံးပြုနိုင်ရန် ထုတ်လုပ်တပ်ဆင်သွားမည်ဖြစ်သည်။ **(ဝဲပုံ)**

*စာမျက်နှာ ၆ ကော်လံ ၁* ❖

## ဟွတ်ဒါဖီးလ်အသင်း ရှက်ဖီးလ်အသင်းအား ပယ်နယ်တီဖြင့်နိုင်ပြီး ဖလားဆွတ်ခူး

***လန်ဒန် မေ ၂၇***

*အင်္ဂလန် ပထမတန်းကလပ်များဖြစ်သည့် ဟွတ်ဒါဖီးလ်အသင်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့သည် မေ ၂၆ ရက်ညက League One Play-Off ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဟွတ်ဒါဖီးလ်အသင်းက ပယ်နယ်တီ ရှစ်ဂိုး-ခုနစ်ဂိုးဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။* ***(ယာပုံ)***

***ကာကွယ်နိုင်ခဲ့***

*ဟွတ်ဒါဖီးလ်နှင့် ရှက်ဖီးလ်တို့သည် ပုံမှန်ပွဲကစားချိန်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်နေသည်။ ဟွတ်ဒါဖီးလ် ဂိုးသမား*

***စာမျက်နှာ ၆ ကော်လံ ၁*** ❍




28-5 (01).pmd 1 5/28/2012, 1:49 AM



အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် ရွှေနန်းတော် ဟိုတယ်သို့ ယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာလာကြရာ လေဆိပ်အထွက် လမ်းဘေးဝဲယာ၌ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဇာဘိုင်ဂျန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၈**

၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအယ်လ်မာမာမတ်ယာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မွန်ပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၇

**မွန်ပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးမင်းထွန်းတင်က ကျောင်းအပ်နှံမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်များနှင့် ပညာရေးစေတနာရှင် အလှူရှင်များ၏ကိုယ်စား အထက(၆) မော်လမြိုင် ကျောင်းအကျိုးတော်ဆောင် ဦးခင်ရွှေက ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံသည်။ ဆက်လက်၍ အထက (၇) မော်လမြိုင်ခန်းမ ဆောက်လုပ်ရန် အလှူရှင် ဒေါ်မြင့်မြင့်အေး(စိန်ရွှေရတနာရောင်းဝယ်ရေး)က ငွေကျပ် ၁၂၅ သိန်းကို လည်းကောင်း၊ မော်လမြိုင်မြို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအတွက် Printer ၃၉ လုံးနှင့် အမက (၄) ဇေယျာသီရိကျောင်း ကျောင်းသုံးပရိဘောဂပစ္စည်းများအတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးခင်ဝင်းက အလှူငွေများကို လည်းကောင်း၊ ဦးသက်ဝေနှင့် ဇနီး၊ ဦးအောင်ဝင်းနိုင်နှင့် အထက (၉) စေတနာရှင် မိဘပြည်သူများ၊ ဦးမိုးကျော်နှင့် အထက(၉) စေတနာရှင်မိဘပြည်သူများ၊ ဒေါ်နီနီသန်းနှင့် အထက (၈) စေတနာရှင်မိဘပြည်သူများ၊ ဦးချစ်ဆွေနှင့် အထက(၁၀) စေတနာရှင်မိဘပြည်သူများ၊ ဦးထွန်းထွန်းနှင့် အထက(၁၀) စေတနာရှင်မိဘပြည်သူများ၊ ဦးမြင့်သိန်းနှင့်အထက (၈)စေတနာရှင်မိဘပြည်သူများ၊ ဦးခင်ထွန်း (သဲ၊ ကျောက်ရောင်းဝယ်ရေး)နှင့် အထက(၇) စေတနာရှင်မိဘပြည်သူများနှင့် ဦးဇော်လင်းနှင့် အထက(၇) စေတနာရှင်မိဘပြည်သူများက အလှူငွေများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနက အခမဲ့ဖြန့်ဝေပေးသော အခြေခံပညာမူလတန်းအဆင့် ဗလာစာအုပ်နှင့် ကျောင်းသုံးစာအုပ်များကို အမှတ်(၁)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ခင်းကျင်းပြသထားသည့် ကျောင်းအပ်နှံရေးလှုပ်ရှားဆောင်ရွက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

မွန်ပြည်နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပြည်နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနနှင့် စေတနာရှင်မိဘပြည်သူများ၏ စုစုပေါင်းလှူဒါန်းမှု တန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၃၃၈ ဒသမ ၅ သန်းဖြစ်ကြောင်း သိရှိရသည်။

### ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူတို့သည် မော်လမြိုင်မြို့ အထက(၄)၊ အထက(၈)၊ အထက(၉)၊ အထက(၁၀)နှင့်အထက (ရွှေနတ်တောင်) တို့သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၄ ခုနှစ် နယုန်လဆန်း ၈ ရက် (ဥပုသ်နေ့)**

**၂၈-၅-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်) |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၈း၄၀ | မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |

**ညပိုင်း**

| | |
|---|---|
| ၄း၃၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (အင်္ဂလိပ်စာ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၈း၀၀ | ပြည်တွင်းသတင်း |
| | - နိုင်ငံတကာသတင်းများ |
| | - မိုးလေဝသအခြေအနေ |
| | - ကမ္ဘာကျော်သရုပ်ဆောင်များ |

**မော်လမြိုင်မြို့ရှိ ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဝတွင် တည်ဆောက်မည့် ဓာတ်လှေကားအသစ်အတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၅ ရက်က ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပရာ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမင်းဇော်- ဒေါ်ခင်သန်းမြင့် (မော်လမြိုင်တက္ကသိုလ်ကထိက)၊ သမီး အေးမြမြမွန်၊ ခင်ငွေစင်ဝေ၊ သား အောင်ကောင်းခန့် မိသားစုက ငွေကျပ် ၆၅ သိန်းကို ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (၁၀၇)

## ဗီယက်နမ်အသံလွှင့်ဌာနမှ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာန (Radio the Voice of Vietnam- VOV) မှ Director Mr. Nguyen Chu Nhac ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် ရန်ကုန်မြို့တွင်း လှည့်လည် ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

**ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)ကျောင်းခန်းမ၌ မေ ၂၆ ရက်က ကျင်းပရာ ငွေကျပ် ၂၁၁၅၄၈၂၀ တန်ဖိုးရှိ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးဗဟိုကော်မတီဝင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးအား အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေး လှူဒါန်းစဉ်။** (၀၂၀)



**မြန်မာ့အလင်း**

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် မေ ၂၈ ရက်)

## မြွေအန္တရာယ်နှင့် ရှေးဦးသူနာပြုစုခြင်း

မိုးဦးကျကာလ စိုက်ချိန်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် တောင်သူများ၏အသက်ကို အများဆုံး ခြိမ်းခြောက်နေသောအန္တရာယ်မှာ မြွေအန္တရာယ်ပင်ဖြစ်သည်။ မေ၊ ဇွန်၊ ဇူလိုင်လများတွင် မြွေအန္တရာယ်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း မြွေကိုက်ခံရခြင်း ထိန်းသိမ်းရေးစာရင်းဇယားများအရသိရသည်။ မြွေကိုက်ခံရပါက စနစ်တကျရှေးဦးသူနာပြုစုနိုင်ခြင်းမရှိလျှင် အသက်ဆုံးရှုံးနိုင်သည်။ ကျေးလက်ဒေသနေပြည်သူများသည် မြွေအန္တရာယ်ကင်းဝေးစေရေးအတွက် မှန်ကန်သောရှေးဦးသူနာပြုစုခြင်းကို သိထားသင့်ပေသည်။

မြွေကိုက်ခံရပြီဆိုပါက ဦးစွာလုပ်ဆောင်ရမည့်အချက်များ ရှိပေသည်။ မြွေကိုက်ခံရသူအား ခန္ဓာကိုယ်အတွင်း အဆိပ်မပျံ့နှံ့စေရန် ရှေးဦးသူနာပြုစုခြင်းနှင့် နီးစပ်ရာဒေသန္တရဆေးရုံ၊ ဆေးခန်းသို့ပို့ဆောင်ပြီး မြွေဆိပ်ဖြေဆေးအမြန်ထိုးနှံပေးရန်ဖြစ်သည်။ မြွေကိုက်ခံရပြီဆိုလျှင် အကိုက်ခံရသောဒဏ်ရာပေါ် အဝတ်ထူထူခေါက်တင်ပြီး ပတ်တီးသို့မဟုတ် ကြိုးတစ်ချောင်းဖြင့် မလျော့မတင်းချည်နှောင်ပေးရပါသည်။ လွန်စွာတင်းကျပ်နေအောင် ချည်နှောင်မထားသင့်ပါ။ တင်းကျပ်စွာချည်နှောင်ထားခြင်းကြောင့် သွေးလွှတ်ကြောမှ သွေးမရောက်နိုင်တော့သဖြင့် အကိုက်ခံရသောအစိတ်အပိုင်းမှာ ပုပ်သွားနိုင်ပါသည်။

မြွေကိုက်ခံရသောခြေထောက် သို့မဟုတ် လက်တို့ကို လှုပ်ရှားမှုလုံးဝမရှိစေရန် တုတ်ချောင်းတောင့်တောင့်တစ်ချောင်းနှင့် ကပ်၍ချည်နှောင်ပြီး လူနာကို နီးစပ်ရာဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ပေးရပါမည်။ သို့မှသာလူနာ၏အသက်ကို အချိန်မီကယ်တင်နိုင်မည်ဖြစ်ပါသည်။ မိမိသဘောဖြင့် အခြားသောကုထုံးများနှင့် ကုသခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ မှားယွင်းသောကုထုံးကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်ပါသည်။ မြွေကိုက်ခံရသောလူနာတစ်ဦးသည် မြွေဆိပ်ဖြေဆေးကို ထိုးနှံရပါမည်။ ယခုအခါ မြွေဆိပ်ဖြေဆေးသည် ထုတ်လုပ်မှုထက် သုံးစွဲမှုကပိုများလာသဖြင့် ဆေးရှားပါးလာပါသည်။ အကောင်းဆုံးမှာ မြွေကိုက်မခံရအောင် သတိပြု သွားလာနေထိုင်ကြခြင်းပင်ဖြစ်သည်။

မြွေကိုက်ခံရသောနေရာသည် မီးလောင်သကဲ့သို့ ခံစားရပါသည်။ အကိုက်ခံရသောနေရာမှ မီးလောင်ဖုကဲ့သို့ ရောင်ရမ်းလာပြီး သွေးများယိုစိမ့်တတ်ကြောင်း သိရပါသည်။ ခန္ဓာကိုယ်အတွင်း မြွေဆိပ်ရောက်ရှိသွားပါက သွေးခဲစေတတ်သောဓာတ်များ ကုန်ခန်းသွားသဖြင့် သွေးမတိတ်ခြင်း၊ သွေးယိုစီးခြင်းများဖြစ်တတ်ပါသည်။ သွေးကြောများပိတ်သွားသဖြင့် ကျောက်ကပ်၊ နှလုံးနှင့် ဦးနှောက်အစရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထိခိုက်ပျက်စီးစေပြီး အသက်ဆုံးရှုံးရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော မြွေဆိုးများမှာ မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ ဂျပ်မြွေနှင့် မြွေစိမ်းမြီးခြောက်တို့ ဖြစ်သည်။ မြွေကိုက်ခံရခြင်း၏ ၉၀ ရာခိုင်နှုန်းမှာ မြွေပွေးအကိုက်ခံရခြင်းပင်ဖြစ်သည်။ မြွေပွေးသည် အကောင်ငယ်သော်လည်း အဆိပ်အလွန်ပြင်းသည်။ အမှိုက်ပုံ၊ ကောက်ရိုးပုံနှင့် အရိပ်ရပြီး အေးသည့်နေရာများတွင် မြွေများကို တွေ့ရလေ့ရှိသည်။ ပူအိုက်လွန်းသဖြင့် ညအခါတွင် မြေလူးတတ်ကြသည်။ မြွေကိုက်မခံရရေးအတွက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ညအခါသွားလာသည့်အခါ ဓာတ်မီးဖြင့်သွားလာခြင်း၊ အမှိုက်ပုံ၊ ဒိုက်ပုံများအကြား အလုပ်လုပ်သည့်အခါ ရော်ဘာဖိနပ်ရှည်၊ လက်အိတ်တို့ကို ဝတ်ဆင်အသုံးပြုခြင်းတို့ဖြင့် မြွေအန္တရာယ်ကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ကျေးလက်ဒေသနေပြည်သူများ မိုးဦးကျကာလတွင် မြွေကိုက်ခံရမှုအန္တရာယ်မကြုံစေရန်နှင့် မြွေကိုက်ခံရသောလူနာအား မှန်ကန်သော ရှေးဦးသူနာပြုစုနည်းနှင့် ကုသနိုင်ရန် အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# တောင်သူများ၏ ပကတိအခက်အခဲများသိရှိအောင် လယ်ကွင်းအတွင်း ကိုယ်တိုင်ဆင်း၍ လေ့လာ စာနာထောက်ထားသောစိတ်ဖြင့် အခက်အခဲများ ကူညီဖြေရှင်းပေးဆောင်ရွက်

**နေပြည်တော် မေ ၂၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့သည် ယနေ့နံနက်ပိုင်းတွင် ငလိုက်ဆည်ရေသောက် လက်ဝဲမြောင်းမကြီး ဆည်ရေသောက်စနစ် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ဧက ၅၀၀ စိုက်ကွင်းရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ရွှေတောင်သုတေသနခြံများမှ မျိုးစေ့ထုတ်ထားရှိသော ဘာစမာတီ စပ်မျိုးစပါး မျိုးသန့်စင်ခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးသန့်စင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက နိုင်ငံတကာဈေးကွက်ဝင်သည့် ဘာစမာတီ စပ်မျိုးစပါး ဧက ၁၀၀၀၀ စိုက်ပျိုးနိုင်ရန် အိန္ဒိယပညာရှင်များနှင့် မြန်မာပညာရှင်များ ဆောင်ရွက်စုဆောင်းထားရှိမှု၊ ပုလဲသွယ်စပ်မျိုးစပါးဧက ၅၀၀၀၀ ကျော်အား မိုးစပါးရာသီတွင် တိုးတက်စိုက်ပျိုးရန် သန့်စင်ပြီး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အကောင်အထည်ဖော်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ဈေးကွက် အာမခံချက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါးကိုသာမက နိုင်ငံတကာ ဈေးကွက်တွင် ဒေါ်လာ ၁၀၀၀ မှ ၁၂၀၀ အထိရရှိသည့် ဈေးကွက်အလွန်ကောင်းမွန်သည့် ဘာစမာတီစပါးအား နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နေရာရရှိရေးအတွက် သုတေသနပြုလုပ်ကာ စိုက်ပျိုးထုတ်လုပ်ရေး ကျယ်ပြန့်စွာဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးမှုနှင့် ဈေးကွက်ကိုသာမက ပြည်ပတွင်ပါ ယှဉ်ပြိုင်နိုင်သည့် ဘာစမာတီဈေးကွက် နေရာရရှိနိုင်မှုကို ဆန်စပါးကုန်သည်များနှင့် ပူးပေါင်း၍ ဈေးကွက်ရှာဖွေရန်၊ ယခုထုတ်လုပ်ထားပြီး လက်ဝယ်ရှိနေသည့် ဘာစမာတီစပါးများကို ကျယ်ပြန့်စွာ စိုက်ပျိုးပြသပြီး အရည်အသွေးနှင့် ဈေးကွက်ခိုင်မာမှုကို တစ်ဆင့်ကြိုးစားစည်းရုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် စပ်မျိုးစပါး မျိုးစေ့သန့်စင်ခြင်း၊ ဆေးဆိုးခြင်းနှင့် မိုးစပါးရာသီ တောင်သူလယ်သမားများ လက်ဝယ်ဖြန့်ဖြူးရန် (F-1) မျိုးစေ့များ စနစ်တကျ ထိန်းသိမ်းသိုလှောင်ထားရှိသည့် ဂိုဒေါင်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဘာစမာတီစပ်မျိုးစပါး (F-1) ပျိုးထောင်ထားရှိသော စိုက်ကွင်း၌ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် တပျော်တပါးပျိုးနုတ်၊ စိုက်ပျိုးဆောင်ရွက်နေမှု၊ ဧက ၅၀၀စိုက်ကွင်းအတွင်း မိုးစပါးစိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီး အစီး ၂၀ ဖြင့် အင်တိုက်အားတိုက် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရှိ အထူးအထွက်တိုး အဖိုလိုင်း မျိုးသန့်စိုက်ခင်း F1 ဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး ရိတ်သိမ်းရန်အသင့်ဖြစ်နေမှုနှင့် မျိုးသန့်မျိုးထိန်း အဖိုလိုင်း စပါးခင်းများကို ကြည့်ရှုအားပေးကြပြီး တောင်သူလယ်သမားများအတွက် အဓိက အားနည်းချက်ဖြစ်သည့် ရိတ်သိမ်းချိန်လွန်ကာလ (Post Harvest Duration) အတွင်း အလေအလွင့်များပြားနေရခြင်း၊ ရိတ်သိမ်းချိန်ကာလ အားနည်းချက်များကြောင့် စပါးအရည်အသွေးကျဆင်းပြီး ဆန်အရည်အသွေးနိမ့်ကျကာ စပါးတန်ဖိုး၊ ဆန်တန်ဖိုး ဆုံးရှုံးရခြင်းများကို တောင်သူလယ်သမားများအား ပညာပေး ဆောင်ရွက်သွားရန်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများ မူလစပါးတန်ဖိုး၏ ၄၀ ရာနှုန်းကျော် လေလွင့်ခြင်း၊ ဆုံးရှုံးခြင်းများကို ထိရောက်သောနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေး ပညာပေးရန် မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ငလိုက်ဆည်ရေသောက် လက်ဝဲမြောင်းမကြီး မြောင်းလက်တံ(၁) ဆည်ရေသောက်စနစ် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ရှိ မြန်မာ့စိုက်ပျိုးရေးပညာရှင်များနှင့် တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်နေသော မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၁၀၀ သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မျိုးစေ့ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးသုတေသန လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး တရုတ်စိုက်ပျိုးရေးပညာရှင်က စပ်မျိုး ၂၀ မျိုး သုတေသနပြုလုပ်နေမှု၊ မျိုးစေ့ထုတ်စပါးမျိုးစေ့ထုတ်ရှစ်မျိုး အောင်မြင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဧက ၁၀၀ စိုက်ကွင်းအတွင်း သက်တမ်းတို စပါးမျိုး ရက် ၁၀၀ အောက်ဖြင့် ရိတ်သိမ်းနိုင်မည့်အနံ့များ စုံညီစွာ ထွက်ရှိနေသည့် ၇၈ ရက်သားရှိ စပါးခင်းများကို ကြည့်ရှုစစ်ဆေးကာ အဖိုလိုင်း အမလိုင်း စိုက်ကွင်းများအတွင်း ဝတ်မှုန်ကူး ဖြစ်ထွန်းအောင်မြင်နေသော မျိုးရှစ်မျိုးကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် (People Center Development ) ပြည်သူလူထုဗဟိုပြုတိုးတက်ဖွံ့ဖြိုးရေးဖြစ်သော (Reform Strategy) မဟာဗျူဟာအရ ပြောင်းလဲရေးလုပ်ငန်းစဉ်အတိုင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့်ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (Farmer Center Development) တောင်သူလယ်သမား ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တောင်သူများ၏ ပကတိအခက်အခဲများသိရှိအောင် လယ်ကွင်းအတွင်း ကိုယ်တိုင်ဆင်း၍ လေ့လာကြပြီး စာနာထောက်ထားသောစိတ်ဖြင့် အခက်အခဲများ ကူညီဖြေရှင်းပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မဟာဗျူဟာအရ ပြောင်းလဲမှု လုပ်ငန်းတစ်ရပ်ဖြစ်သည့် မျိုးပြောင်းလဲခြင်းတာဝန်ကို အကောင်အထည်ဖော်ရာတွင် စားသုံးမှုအရည်အသွေးနှင့် ပြည်တွင်းဈေးကွက်လိုအပ်သည်ကိုသာမက ပြည်ပဈေးကွက်အကြိုက် ဈေးနှုန်းကောင်းကောင်းရရှိနိုင်မည့် ဘာစမာတီမျိုးကဲ့သို့သော စပ်မျိုးစပါးများကို ဈေးကွက်စီးပွားရေးစနစ်၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်ရန် Market Orient Economy အတိုင်း ဈေးကွက်ယှဉ်ပြိုင်နိုင်မှုကို အမြဲတမ်းစဉ်ဆက်မပြတ် လေ့လာကြိုးစားရမည်ဖြစ်ကြောင်း။

### ဈေးကွက်ယှဉ်ပြိုင်

ဆန်အရည်အသွေးကောင်းရန် မျိုးသန့်စင်ခြင်း အရေးပါမှု အခန်းကဏ္ဍအပြင် ခေတ်မီဆန်စက်များ၏ အဓိက အရေးပါမှုကို သုံးသပ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်စပါးအထွက်တိုးရေး၊ အရည်အသွေးအရ ဈေးကွက်ယှဉ်ပြိုင်ရေးအတွက် ခေတ်မီဆန်စက်မဖြစ်မနေ ထူထောင်ရမည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အကြီးအမှူးများအနေဖြင့် နိုင်ငံတော်၏ အဓိကအရေးပါသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များကို တောင်သူလယ်သမား ဗဟိုပြုစနစ် (Farmer Center Development) ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မေ ၂၇**

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဝမ်ဂျိူ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျိူတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမင်းချစ်ဦးတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကျေးဇူးကြီးလှမိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲ စာပေဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကျေးဇူးကြီးလှ မိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီနှင့် အောင်စည်းဇိမ် ကျောက်မျက်ရတနာကုမ္ပဏီတို့က ကြီးမှူးကျင်းပသည့် "ကျေးဇူးကြီးလှမိနှင့်ဖ" ဝတ္ထုတိုပြိုင်ပွဲ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အောင်စည်းဇိမ် ကျောက်မျက်ရတနာ ကုမ္ပဏီပိုင်ရှင်နှင့် တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကားပြောကြားပြီး အောင်စည်းဇိမ် ကျောက်မျက်ရတနာ ကုမ္ပဏီပိုင်ရှင် ဦးအောင်ကြီးနှင့်ဇနီး ဒေါ်နန်းတိုးတိုးရွှေ၊ သားမောင်တင်ထွန်းအောင် မိသားစု ကိုယ်စား မန်နေဂျာ ဦးဇော်လင်းဦးက ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် "မြိုင်သာယာမယ်နုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဝတ္ထုတိုဖြင့် ပထမဆုရ အဲမွန်တာရာအား အောင်စည်းဇိမ် ကျောက်မျက်ရတနာ ကုမ္ပဏီပိုင်ရှင် ဦးအောင်ကြီးက လည်းကောင်း၊ "အမုန်းကွန်းတင်ရစ်တဲ့ မေတ္တာရှင်" ဝတ္ထုတိုဖြင့် ဒုတိယဆုရ တွင်းကြီးသား တင်ဝင်းဦးအား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)ကလည်းကောင်း၊ "ကျေးဇူးကြီးလှ မိနှင့်ဖ" ဝတ္ထုတိုဖြင့် တတိယဆုရ ထွန်းတောက်ကြယ်အား မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က လည်းကောင်း၊ "လမင်းကိုနမ်းပါလှည့်" ဝတ္ထုတိုဖြင့် အထူးဆု(၁)ရ ကုမုဒြာ ကိုယ်စား ဦးဇော်လင်းဦးနှင့် "မြစ်ဖျားနေခြည်ရွှေရည်မြစ်ခြေ" ဝတ္ထုတိုဖြင့် အထူးဆု(၂)ရ မမြအိမ်အား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ပထမဆုရ အဲမွန်တာရာက ကျေးဇူးတင်စကားပြောကြား၍ (ဦးမောင်မောင်ဖြူ) မိသားစုက နာမကျန်းရန်ပုံငွေအတွက် အလှူငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)ထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## လက်ခံယူ

**ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၁၇၁) မဟာဗန္ဓုလလမ်းနေ ဦးခင်မောင် ကိုယ်စား ဦးသန်းတင်က မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) အမှတ် (၃၇)ရှိ ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာငွေရရှိရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသာထွန်း လက်ခံယူစဉ်။**
(မူးယစ်ဆန့်ကျင်ရေးအသင်း)



## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၇**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ ခရိုင်ရဲတပ်ဖွဲ့ဝင် သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာ၊ ဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ရက်က အဆိုပါ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းဦးက တပ်ဖွဲ့ဝင်သားသမီးများအား ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၃၉၄၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# စီမံကိန်းရည်မှန်းချက်တာဝန်ပေး

**တာချီလိတ် မေ ၂၇**

တာချီလိတ်ခရိုင် ၂၀၁၂-၂၀၁၃ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားကာ ခရိုင်စီမံကိန်းဦးစီးမှူး ဦးသန်းငွေးက စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းရည်မှန်းချက် တာဝန်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးထံ ပေးအပ်သည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကဏ္ဍတစ်ခုချင်းအလိုက် တာဝန်များကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဇိဝ)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

# အသက် ၁၀၁နှစ်ရှိ မာရသွန်အပြေးသမားကြီး စကော့တလန်ရှိ အင်ဒီဘတ်မာရသွန်ပြိုင်ပွဲနွှဲမည်




**နယူးဒေလီ မေ ၂၇**

အိန္ဒိယနိုင်ငံသား အသက် ၁၀၁နှစ်အရွယ် ဖူဂျာဆင်းဂျ်အမည်ရှိ မာရသွန်အပြေးသမားကြီးက စကော့တလန်ရှိ အင်ဒီဘတ်မြို့တွင် မေ ၂၈ ရက်၌ ကျင်းပမည့် အင်ဒီဘတ်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း မေ ၂၇ ရက်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

**ပါဝင်ယှဉ်ပြိုင်**

၂၀၀၃ ခုနှစ်ကစတင်ကျင်းပခဲ့သော အင်ဒီဘတ်မာရသွန်အပြေးပြိုင်ပွဲသည် ယခုအခါ (၁၀)ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်ရာ ယခုပြိုင်ပွဲတွင် ကမ္ဘာ့အသက်အကြီးဆုံး မာရသွန်အပြေးသမားအဖြစ် ဖူဂျာဆင်းဂျ်က ကမ္ဘာ့မှတ်တမ်းဝင်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုမာရသွန်ပြိုင်ပွဲသို့ နိုင်ငံတကာမှ မာရသွန်အပြေးသမားပေါင်း ၂၇၀၀၀ခန့် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ ဖူဂျာဆင်းဂျ်က နောက်ဆုံး ပန်းဝင်သည်အထိ ယှဉ်ပြိုင်ရန် လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်သည်။

ဖူဂျာဆင်းဂျ်သည် ပြီးခဲ့သည့် ဧပြီလက ကျင်းပခဲ့သည့် လန်ဒန်မာရသွန်ပြိုင်ပွဲ၌လည်းပါဝင်ဆင်နွှဲခဲ့သူဖြစ်သည်။ မိမိသည် အပြေးအားကစားကိုဝါသနာပါပြီးမာရသွန်ပြိုင်ပွဲများ၌ပါဝင်ဆင်နွှဲရခြင်းကို ပျော်ရွှင်ကြောင်း၊ နောက်နှစ်များ၌လည်း ဆက်လက်ပြီး မာရသွန်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**(အင်တာနက်)**

# တရုတ်နိုင်ငံက ချိုင်းနားဆက်-၂ အေ ဆက်သွယ်ရေးဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

**စီချန် မေ ၂၇**

တရုတ်နိုင်ငံက ချိုင်းနားဆက်-၂ အေ အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို မေ ၂၆ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



၎င်းချိုင်းနားဆက်-၂ အေ ဂြိုဟ်တုကို တရုတ်နိုင်ငံလုပ်လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် အာကာသအတွင်းသို့သယ်ဆောင်သွားခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ စီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုကို ယင်းနေ့ ပေကျင်းစံတော်ချိန် ည ၁၁ နာရီ ၅၆ မိနစ်၌ လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုကို တရုတ်အာကာသသိပ္ပံအကယ်ဒမီမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ၎င်းဂြိုဟ်တုလွှတ်တင်မှုကြောင့် တရုတ်နိုင်ငံ၏ ရေဒီယိုနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ်များ၊ သတင်းဆက်သွယ်ရေးစနစ်များ လျင်မြန်လာမည်ဖြစ်သည်။

ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုကို သယ်ဆောင်သွားသည့် လောင်းမတ်ချ် ဒုံးပျံအမျိုးအစားသည် အာကာသသို့ (၁၆၃) ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# ကျူးဘားအလယ်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း ဒေသခံများအား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရ



**ဟာဗားနား မေ ၂၇**

ကျူးဘားနိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ ဒေသခံနှစ်ဦးသေဆုံးပြီး ၈၅၀၀ ကျော်ကို အရေးပေါ်ရွှေ့ပြောင်းပေးနေရကြောင်း မေ ၂၇ ရက်က သတင်းထုတ်ပြန်သည်။

အထူးသဖြင့် ဟာဗားနားမြို့တော်မှ အရှေ့ဘက် ကီလိုမီတာ ၃၅၀ ခန့် အကွာရှိ ဆန်တစ်စပရစ်တပ်စ်ပြည်နယ်တွင် မိုးရေချိန်မီလီမီတာ ၉၀၀ အထိ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိသည်။ **(ဝဲပုံ)**

**ရွှေ့ပြောင်းပေး**

ထို့အတူ ဆန်တစ်စပရစ်တပ်စ်မြို့နှင့် ယာဂွါဂျေမြို့ ဒေသများကို ရေမလွှမ်းစေရန် ထိန်းထားသော ဇာဇာရေတမံကျိုးပေါက်မှု အန္တရာယ်ရှိသဖြင့် အနီးဝန်းကျင်တွင် နေထိုင်သော မိသားစု ၂၀၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။

ကျူးဘားမိုးလေဝသဌာနက မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဟု သတင်းထုတ်ပြန်ထားပြီး ရေလွှမ်းမှုသတိပေးချက်များလည်း ထုတ်ပြန်ပေးထားကြောင်း သတင်း၌ဖော်ပြသည်။

**(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# အာဖဂန်-အမေရိကန်လုံခြုံရေးစာချုပ် အာဖဂန်နစ္စတန်ပါလီမန်အတည်ပြု



**ကဘူးလ် မေ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၄ခုနှစ်နောက်ပိုင်း ၁၀နှစ်ကြာ အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိဦးမည်ဟု မကြာမီက လက်မှတ်ရေးထိုးခဲ့သော လုံခြုံရေးသဘောတူစာချုပ်ကို အာဖဂန်နစ္စတန်ပါလီမန်က အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

**ခွင့်ပြု**

နိုင်ငံခြားတပ်ဖွဲ့ဝင်အများစုကို ၂၀၁၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းပေးပြီးနောက် နောက်ထပ်အနည်းဆုံး ၁၀နှစ်ကြာသည့်တိုင် အမေရိကန်တပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်၌ ဆက်ထားခွင့်ကို နှစ်နိုင်ငံသဘောတူစာချုပ်က ခွင့်ပြုထားသည်။

ယင်းသဘောတူစာချုပ်ကို အမေရိကန်သမ္မတအိုဘားမားနှင့် အာဖဂန်နစ္စတန်သမ္မတကာဇိုင်းတို့ ကဘူးလ်မြို့၌ မေ ၂ရက်က လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကို အာဖဂန်နစ္စတန် ပါလီမန်က ထောက်ခံမဲ ၁၈၀၊ ကန့်ကွက်မဲ လေးမဲဖြင့် အတည်ပြုပေးခြင်းဖြစ်သည်။ **(အင်တာနက်)**

# ပါကစ္စတန် အနောက်မြောက်ပိုင်း လေကြောင်းမှပစ်ခတ်ခံရပြန် လေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ကဘူးလ် မေ ၂၇**

ပါကစ္စတန်အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသ၊ အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ မီရန်ရှားမြို့အနီး လူနေအိမ်တစ်အိမ်ကို မေ ၂၆ ရက် နံနက်က အမေရိကန် မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်သည်ဟု လုံခြုံရေးအရာရှိများက ပြောကြားသည်။

မီရန်ရှားမြို့အရှေ့ဘက် ဟကင်ဆိုခဲမြို့အတွင်း မေ ၂၄ ရက် နံနက်ပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်က ပစ်ခတ်တိုက်ခိုက်ပြီး နှစ်ရက်အကြာတွင် ယင်းသို့ အမေရိကန် မောင်းသူမဲ့လေယာဉ်က လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

# တူရကီအလယ်ပိုင်း၌ ကားဗုံးခွဲမှုဖြစ်ပွား

**အစ္စတန်ဘူလ် မေ ၂၇**

တူရကီနိုင်ငံအလယ်ပိုင်း ဘေဆာရီပြည်နယ်ရဲစခန်းအပြင်ဘက်တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**



ပင်နာကာဆီမြို့ ရဲစခန်းတွင် အသေခံဗုံးခွဲသမားနှစ်ဦးက မေ ၂၆ ရက်က ကားဗုံးခွဲတိုက်ခိုက်ရာ၌ ဖောက်ခွဲရေးသမားနှစ်ဦးစလုံးသေဆုံးသွားသည်ဟု သတင်းရရှိသည်။ ဆေးရုံသတင်းရပ်ကွက်၏ ပြောပြချက်အရ ဒဏ်ရာရသူအချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ကားဗုံးခွဲတိုက်ခိုက်မှုမဖြစ်ပွားမီ သေနတ်သံများကြားရကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပေါ်မှကျရောက်ပြီး ချက်ချင်းပေါက်ကွဲသံကြားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်းကမျှ သူတို့လက်ချက်ဟူ၍ ယခုအထိ မကြေညာသေးဟုဆိုသည်။ **(အင်တာနက်)**

# နိုင်ငံတကာသတင်းအတိုအထွာ ၂၇-၅-၂၀၁၂

**တင်မောင်လွင် – စုစည်းသည်**

## ယူအေအီးရှိ Princess Tower မိုးပျံအဆောက်အအုံ အမြင့်ဆုံး လူနေမိုးပျံအဆောက်အအုံဖြစ်လာ



*အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ရှိ (Princess Tower)ဟု အမည်ပေးထားသော မင်းသမီးမိုးပျံအဆောက် အအုံသည် အမြင့်ဆုံးလူနေအဆောက်အအုံဖြစ်ကြောင်း၊ ယင်းအဆောက်အအုံ **(ဝဲပုံ)**သည် အမြင့် ၄၁၄ မီတာ (၁၃၅၆ပေ) ရှိပြီး အထပ်ပေါင်း ၁၀၁ ထပ်ရှိကြောင်း မေ ၂၆ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ မိုးပျံအဆောက်အအုံ၏ အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့်ထိ လဟာပြင်များ၊ ခြေကျင်လျှောက်လမ်းသွားလမ်းလာသူများ၏ အဝင်လမ်းများကိုပါ ကောင်းမွန်ပြည့်ဝသည့် ထိပ်တန်းဗိသုကာပညာများဖြင့် ဖန်တီးဆောင်ရွက်ပေးထားသည်။ ယင်းမိုးပျံအဆောက်အအုံကို ၂၀၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုကုန်ကျစရိတ်မှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်း ၂၁၀ ရှိသည်ဟုဆိုသည်။ ယခင်မှတ်တမ်းတင်ထားသည့် အမြင့်ဆုံးလူနေအဆောက်အအုံမှာ ၂၃ မာရီနာအမည်ရှိ မိုးပျံအဆောက်အအုံဖြစ်သည်။ ယင်းအဆောက်အအုံသည် ယူအေအီးနိုင်ငံတွင်ပင်ရှိပြီး အမြင့် ၃၉၂၈ မီတာ (၁၂၈၉ပေ)ရှိသည်။*

## အမေရိကန်အမျိုးသမီး ၁၄ ရာခိုင်နှုန်း ဆင်းရဲစွာနေထိုင်ကြရဟုဆို

***အမေရိကန် အမျိုးသမီးများနှင့် ကလေးငယ်များ၏ဆင်းရဲမှုနှုန်းမှာ ၂၀၁၀ပြည့်နှစ်က ၁၇နှစ်အတွင်းတွင် အမြင့်ဆုံးရောက်ရှိပြီး ယခုအခါ ၁၄ ဒသမ ၅ရာခိုင်နှုန်းရှိကြောင်း အမေရိကန်သန်းခေါင်စာရင်းအဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာ၌ဖော်ပြပါရှိသည်။ အမေရိကန်နိုင်ငံမှ အမျိုးသမီးများ၏ ဆင်းရဲမှုနှုန်းမှာ ၁၄ ရာခိုင်နှုန်းရှိကြောင်း၊ အဓိပ္ပာယ်မှာ အမေရိကန်ပြည်သူ ၁၇သန်းတို့ ဆင်းဆင်းရဲရဲ အသက်ရှင်နေထိုင်ကြခြင်းဖြစ်ကြောင်း အစီရင်ခံစာသစ်က ဖော်ပြနေခြင်းဖြစ်သည်။ အမေရိကန်ကလေးငယ် ၁၅ သန်းကျော်မှာ ဆင်းရဲမှုသတ်မှတ်ချက်အောက်တွင် အဆင့် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။***

## တောင်အာဖရိက၌ အိမ်တစ်လုံးကို ခရီးသည်တင်ဘတ်စ်ကားတိုက်မိ

*တောင်အာဖရိကနိုင်ငံ အရှေ့ပိုင်းတွင် မေ ၂၆ ရက် မွန်းလွဲပိုင်းက ခရီးသွားဘတ်စ်ကားတစ်စီးတိုက်မှုဖြစ်ပွားပြီးနောက် အနည်းဆုံး ငါးဦးသေဆုံးပြီး ၈၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။*

*အဆိုပါ ဘတ်စ်ကားသည် နိုင်ငံအရှေ့ပိုင်း ကဝေဇူလူနာတယ်ပြည်နယ်ရှိ ဒူဘန်ဆိပ်ကမ်းမြို့၏အပြင်ဘက်၌ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဘတ်စ်ကားသည် မောင်းနှင်နေစဉ်အတွင်း ရုတ်တရက်အရှိန်လွန်မှုကြောင့် လမ်းဘေးရှိ နေအိမ်တစ်လုံးအား ဝင်ဆောင့်မိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။*

**(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# နိုင်ငံခြားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနှင့် အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်

**အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့ဝင်အများစုကို ၂၀၁၄ ခုနှစ်ကုန်တွင် ရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ မေလ ၂၀ နှင့် ၂၁ ရက်များက ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် နေတိုးထိပ်သီးအစည်းအဝေးက သဘောတူခဲ့သည်။ ၂၀၀၁ ခုနှစ်က အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များ အာဖဂန်နစ္စတန်ကို စတင်ဝင်ရောက်ခဲ့ပြီးနောက် ဆုတ်ခွာရန် သဘောတူလိုက်ကြပြီးဖြစ်သဖြင့်လည်း ချီကာဂိုထိပ်သီးအစည်းအဝေးကို သမိုင်းမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်သော်ရနိုင်ပါ၏။**

လောလောဆယ် အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၁၃၀၀၀၀ ခန့်ရှိကြောင်း နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) က ကြေညာသည်။

အဆိုပါ နိုင်ငံခြားတပ်ဖွဲ့ဝင်များမှာ နိုင်ငံပေါင်း ၅၀ မှ စေလွှတ်စုစည်းထားခြင်းဖြစ်ပြီး အများစုမှာ အမေရိကန်နိုင်ငံမှ ဖြစ်သည်။ အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀၀၀ ခန့်ရှိနေသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဆင်တိုက်ခိုက်မှုများကို ၂၀၁၃ ခုနှစ်အတွင်း အမေရိကန်အစိုးရက အဆုံးသတ်လိုကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး လီယွန်ပန်နက်တာက ဖေဖော်ဝါရီလအတွင်းက ပြောကြားခဲ့သည်။

### စေလွှတ်

အမေရိကန်ပြီးလျှင် ကျန်အများစုသော တပ်ဖွဲ့ဝင်များမှာ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ သြစတြေးလျ၊ ပိုလန်နှင့် တူရကီတို့မှ စေလွှတ်သည့် တပ်ဖွဲ့ဝင်များသာ ဖြစ်သည်။ ဒုတိယ အများဆုံးစေလွှတ်သည့်နိုင်ငံမှာ ဗြိတိန်ဖြစ်ပြီး တပ်ဖွဲ့ဝင်ဦးရေ ၉၅၀၀ ဖြစ်သည်။ ၂၀၁၄ ခုနှစ်ကုန်တွင် ဗြိတိန်က ၎င်း၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဖြစ်သော်လည်း လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များကိုမူ အာဖဂန်နစ္စတန်၌ ချန်ထားမည်ဖြစ်သည်။

တပ်ဖွဲ့ဝင် ၃၆၀၀ စေလွှတ်သည့် ပြင်သစ်နိုင်ငံက ယခုနှစ်မကုန်မီ တပ်ဖွဲ့ဝင် ၁၀၀၀ ပြန်ခေါ်လိုပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း တပ်ဖွဲ့ဝင် ရာဂဏန်းသာထားလိုသည်ဟု ဖေဖော်ဝါရီလအတွင်းက ကြေညာခဲ့သည်။ ယခုအခါ ပြင်သစ်သမ္မတသစ် မစ္စတာ ဟော်လန်ဒီက ဆိုင်းမဆင့်ဗုံမဆင့် အာဖဂန်နစ္စတန်သို့ ရောက်နေပြီး အာဖဂန်နစ္စတန် သမ္မတကာဇိုင်းနှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။ သမ္မတ ဟော်လန်ဒီက ဤနှစ်ကုန်တွင်ပင် ပြင်သစ်တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းလိုကြောင်း သိရသည်။



**အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့ဝင်အများစုကို ၂၀၁၄ ခုနှစ်ကုန်တွင် ရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ မေလ ၂၀ နှင့် ၂၁ ရက်တို့က ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် နေတိုးထိပ်သီးအစည်းအဝေးမြင်ကွင်း။**

### အစားထိုး

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် ၄၅၀၀ စေလွှတ်သည့် ဂျာမနီနိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များကို အမြန်ဆုံးပြန်ခေါ်လိုသည့် ဆန္ဒရှိနေသည်။ ၂၀၁၄ ခုနှစ်ကုန်တွင် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားသောအခါ တာလီဘန်များ အစားထိုးဝင်ရောက်ကြဖို့ လွှမ်းပြီး အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ဝင်များ ခိုလှုံရာဖြစ်မည်ကိုလည်း အနောက်အုပ်စုက စိုးရိမ်သည်။ နေတိုးအဖွဲ့က လုံခြုံရေးတာဝန်ကို လွှဲပြောင်းပေးအပ်လျက်ရှိရာ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းမှ အရေးပါသည့် မဟာဗျူဟာ ဒေသများကို အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များထံသို့ လုံခြုံရေးတာဝန်များ လွှဲပေးပြီးဖြစ်သည်။

၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရန် နေတိုးတပ်ဖွဲ့ဝင်အချို့ ဆက်ရှိနေမည်ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံ၌ အနည်းဆုံး နောက်ထပ် ၁၀နှစ်ထားရှိရန် နှစ်နိုင်ငံလုံခြုံရေး သဘောတူညီချက်တစ်ခုကိုလည်း အမေရိကန်သမ္မတ အိုဘားမားနှင့် အာဖဂန်သမ္မတကာဇိုင်းတို့ မေ ၂ ရက်က ကဘူးလ်မြို့၌ လက်မှတ်ရေးထိုးခဲ့ပြီး ယင်းသဘောတူညီချက်ကို အာဖဂန်နစ္စတန် ပါလီမန်က ထောက်ခံမဲ ၁၈၀၊ ကန့်ကွက်မဲ လေးမဲဖြင့် မေ ၂၆ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

### ဆန့်ကျင်

မေ ၂၆ ရက်၌ပင် နိုင်ငံအလယ်ပိုင်း ဝါဒတ်ပြည်နယ်တွင် နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားကြရေးအတွက် အာဖဂန်နစ္စတန် ပြည်သူတို့၏ ဆန္ဒပြပွဲများဖြစ်ပေါ်သည်။ အာဖဂန် နစ္စတန်နိုင်ငံ၌ ယခုနှစ် လွန်ခဲ့သော လပိုင်းအတွင်း နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ အကျအဆုံး ပိုများလာသည့်အတွက် အမေရိကန်နိုင်ငံနှင့် အခြားသော နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများမှ ပြည်သူတို့၏ အာဖဂန်နစ္စတန် စစ်ဆန့်ကျင်ရေး သဘောထားများ မြင့်မားလာခဲ့သည်။

### အရေးယူ

ကြမ်းတမ်းလှသည့် အာဖဂန်ပြည်သူတို့၏ ဘဝကလည်း နေတိုးနှင့် အာဖဂန်နစ္စတန်လုံခြုံရေးတပ်များအပေါ် အယုံအကြည်ကင်းလာပြီး တာလီဘန်တို့ဘက် လှည့်ချင်သလိုဖြစ်နေသည်။ နိုင်ငံ၏ဝေးလံခေါင်သီသည့်ဒေသများတွင် အစိုးရ၏ အုပ်ချုပ်ရေးအာဏာမှာ စက္ကူပေါ်၌သာရှိသည်။ သမ္မတကာဇိုင်းလက်ထက် အဂတိလိုက်စားမှုကများပြားလာသည်။ ဥပမာ ကွန်ဒုဇ်ပြည်နယ်မှ အစိုးရ ဘက်တော်သား ပြည်သူ့စစ်ခေါင်းဆောင်အချို့ ခြိမ်းခြောက်ငွေတောင်းမှု၊ ဓားပြတိုက်မှုတို့ဖြင့် တိုင်ကြားမှုများ ရှိသော်လည်း တစ်စုံတစ်ရာ အရေးယူခြင်းမရှိသည်ကို ထောက်ပြီး တရားစီရင်ရေးများ အဂတိလိုက်စားကြောင်း တွေ့ရသည်ဟု ဒေသခံများက ဝေဖန်ကြသည်။

### ပိုယုံကြည်လာ

တာလီဘန် တရားစီရင်ရေးကလည်း အချိန်မဆွဲ၊ ဆုံးဖြတ်ရာ၌လည်း ပြတ်မှပြတ်။ တာလီဘန်ခေါင်းဆောင်အချို့ကို ပြည်သူက မကျေနပ်၍တိုင်ကြားပြီဆိုလျှင် တာဝန်မှရပ်စဲခံကြရသည်ကို တွေ့ရသောအခါ ပြည်သူက တာလီဘန်တို့အပေါ် ပိုယုံကြည်လာသည်။

တိုး-ရေးသားသည်

ပြည်သူလိုလားချက်ကို တာလီဘန်တို့၏ တုံ့ပြန်ချက်က ပိုမြန်သည်ဟု မြင်လာကြသည်။ မိသားစု တစ်စုတည်းတွင်ပင် အစိုးရဘက်ရော၊ တာလီဘန်ဘက်မှာပါ လုပ်ကိုင်အသက်မွေးကြရသည့် မိသားစုများမှာ ဒုနှင့်ဒေးရှိနေသည်။ သမ္မတ အိုဘားမားနှင့် ဒုတိယ သမ္မတ ဂျိုးဘိုင်ဒင်တို့ အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ဝင်များ ၂၀၁၄ ခုနှစ် ကုန်တွင် ရုပ်သိမ်းရေး ဆွေးနွေးနေသည်ဟု ကြားရချိန်တွင် နေတိုးတပ်တွေပြန်လျှင် တို့ပြန်ဝင်လာမည်ဟူသော တာလီဘန်တို့၏ အသံကိုလည်း ကြားနေရသည်။

### သံသယဝင်လာ

သည်အထဲ အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများထံ လက်နက်ခိုးရောင်းနေသည်ဟူသော သတင်းများက ထွက်နေပြန်သည်။ တာလီဘန်တွေ အရေးမလှတော့ဘူးဟူသော နေတိုးနှင့်အာဖဂန်နစ္စတန်အစိုးရတို့၏ နှစ်အတန်ကြာကတည်းက ပြောဆိုသံများအပေါ် ပြည်သူတို့က သံသယဝင်လာသည်။

ထို့အပြင် တာလီဘန်တို့၏ တိုက်ခိုက်ရေးနည်းဗျူဟာ ပြောင်းလာမှုကိုလည်း အထင်အရှားတွေ့ရသည်။ ယင်းမှာ အာဖဂန်နစ္စတန်တပ်ဖွဲ့များအတွင်းမှ တော်လှန်အာခံသူများကို အသုံးချလာမှု၊ တပ်ဖွဲ့များအတွင်းသို့ ထိုးဖောက်စိမ့်ဝင်စည်းရုံးနိုင်မှုများ ကျင့်သုံးလာနိုင်ခြင်းကြောင့်ဖြစ်သည်။ ထိုနည်းဗျူဟာများအရပင် အာဖဂန်နစ္စတန်မြောက်ပိုင်း ရဲမင်းကြီး မိုဟာမက်ဒါဝတ် သေဆုံးရပြီး နန်ဂါဟာ ပြည်နယ်အတွင်း အမေရိကန်အထူးတပ်ဖွဲ့ သင်တန်းဆရာ ခြောက်ဦး အသက်ဆုံးရှုံးရသည်။

### ပြန်လည်တည်ဆောက်

ထိုသို့သော အခြေအနေများနှင့်အတူ ၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်၌ နိုင်ငံခြားတပ်ဖွဲ့ဝင် မည်မျှအရေအတွက် ထားရှိမည်၊ အချိန်မည်မျှကြာမည်ဆိုသော မေးခွန်းများကလည်း မရေမရာမှုကိုပြသနေသည်။ အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေကိစ္စအခက်အခဲလည်းရှိရာ အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်ရေးမှာ ရတက်မအေးစရာဖြစ်နေပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

# နှစ်သန်းပေါင်း ၁၃၀ က ဝံပုလွေငယ်အရွယ်ရှိ ဒိုင်နိုဆောမျိုးစိတ်သစ်ရုပ်ကြွင်းတွေ့ရှိ

**ဆော့လိတ်စီးတီး မေ ၂၇**

နှစ်သန်းပေါင်း ၁၃၀ သက်တမ်းရှိ ဒိုင်နိုဆောမျိုးစိတ်သစ်ရုပ်ကြွင်းကို အမေရိကန်နိုင်ငံ ယူတားပြည်နယ်ရှိ အမျိုးသားဥယျာဉ်ကြီး၌ တူးဖော်တွေ့ရှိခဲ့ကြောင်း သုတေသနပညာရှင်များက မေ ၂၆ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**



အသစ်တွေ့ရှိသည့် ဒိုင်နိုဆောမျိုးစိတ်မှာ ရပ်တာဒိုင်နိုဆောမျိုးစိတ်သစ်ဖြစ်ကြောင်း၊ လက်ရှိမြောက်အမေရိကမြက်ခင်းလွင်ပြင်များတွင် ကျက်စားသော ဝံပုလွေငယ်များ၏ အရွယ်အစားခန့်သာရှိသော ဒိုင်နိုဆောမျိုးစိတ်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည့် သုတေသနအဖွဲ့က ပြောကြားသည်။

ယူတားပြည်နယ် အာချီဥယျာဉ်ကြီးအတွင်းရှိ ရုပ်ကြွင်းအရိုးစုများ လဲလျောင်းရာဟု အမည်ပေးထားသော ဧရိယာအတွင်း ယခုရုပ်ကြွင်းအစုကို တွေ့ရှိခြင်းဖြစ်သည်။

ရပ်တာဒိုင်နိုဆောမျိုးသည် ဒိုင်နိုဆောမျိုးအုပ်စုဝင် အကောင်ငယ်မျိုးဖြစ်ပြီး နောက်ခြေများတွင် ကြီးမားကွေးကောက်နေသော ခြေသည်းကြီးများ ပါရှိသည်။ ၎င်းခြေသည်းများကို သားကောင်သတ်ဖြတ်ခြင်း၊ အမြင့်တက်ရာတွင် အသုံးပြုခြင်းနှင့် ကုတ်ခြစ်တူးဆွမှုများတွင် အသုံးပြုကြသည်။ ထို့အပြင် ချွန်မြသည့်သွားများပါရှိပြီး ၎င်းတို့ထက် ခန္ဓာကိုယ်သေးငယ်သော သတ္တဝါများကို ဖမ်းဆီးစားသောက်တတ်ကြသည့် ကမ္ဘာဦးခေတ်တွင် ကျင်လည်ကျက်စားခဲ့သော အသားစားတိရစ္ဆာန်မျိုးဖြစ်သည်။ **(အင်တာနက်)**

# ဒေသတွင်းစစ်ရေးပဋိပက္ခကြောင့် နေရပ်စွန့်ခွာသည့် ဆိုမာလီပြည်သူ သုံးရက်အတွင်း ၉၀၀၀ ကျော်ရှိဟု ကုလသမဂ္ဂကြေညာ



**မိုဂါဒစ်ရှူး မေ ၂၇**

ဆိုမာလီနိုင်ငံ အာဖာဂူရီဒေသတွင် လက်နက်ကိုင်များနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များအကြား စစ်မက်ရေးရာများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ပြီးခဲ့သည့် သုံးရက်တာအတွင်း နေရပ်စွန့်ခွာပြေးရသူ ဒေသခံ ၉၂၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည်။

### အချိန်ကြာ

မိုဂါဒစ်ရှူးမြို့တော် အနောက်မြောက်ဘက် ကီလိုမီတာ ၃၀ ခန့်တွင်ရှိသော အာဖာဂူရီဒေသသည် အယ်လ်ရှာဘတ်လက်နက်ကိုင်များ အချိန်ကြာမြင့်စွာ ကြီးစိုးထားရာ ဒေသဖြစ်ပြီး ဆိုမာလီနိုင်ငံတောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်နယ်မြေများသို့ လွယ်ကူလမ်းသင့်ရာ မဟာဗျူဟာမြောက်သော နယ်မြေဖြစ်သည်။

### ထုတ်ပြန်

ဒေသတွင်း စစ်ရေးမတည်ငြိမ်မှုကြောင့် နေရပ်စွန့်ခွာသွားသည့် ပြည်သူဦးရေမှာ ၉၂၀၀ ကျော်ရှိကြောင်း နိုင်ရိုဘီမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ မေ ၂၆ ရက်က ထုတ်ပြန်ခြင်းဖြစ်သည်။

နေရပ်စွန့်ခွာခဲ့ကြသူပြည်သူများတွင် အများစုမှာ မိုဂါဒစ်ရှူးသို့ ထွက်ပြေးဝင်ရောက်ကြကြောင်း၊ ရှာဘယ်လီဒေသနှင့် ကျူးဘားဒေသအောက်ပိုင်းနယ်မြေများသို့ ထွက်ပြေးတိမ်းရှောင်သူများလည်းရှိကြောင်း၊ ပင်လယ်အော်ဒေသသို့ ဝင်ရောက်ကြသည်ကိုမူ မတွေ့ရကြောင်း UNHCR က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ) (အင်တာနက်)**

ဇော်ဦးခိုင်-ရေးသားသည်

# မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်မှု အောင်မြင်

**နယူးဒေလီ မေ ၂၇**

*အိန္ဒိယနိုင်ငံသည် ပြည်တွင်းလုပ် မြေပြင်မှဝေဟင်ပစ် အက်ကတ်ရှ်ဒုံးကျည်တစ်စင်းကို အိုဒီရှားပြည်နယ်အရှေ့ပိုင်း ချန်ဒီပူဒေသတွင် မေ ၂၆ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။ (အောက်ပုံ)*



*ယခုအက်ကတ်ရှ်ဒုံးကျည်ပစ်လွှတ်မှုသည် အလားတူအက်ကတ်ရှ်ဒုံးကျည်တစ်စင်းကို ယင်းဒေသ၌ပင် အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့ပြီးနှစ်ရက်အကြာတွင်ထပ်မံစမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။ ချန်ဒီပူရှိ ဒုံးကျည်ပစ်လွှတ်ရာ မြေပြင်စခန်းမှနေ၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါ အက်ကတ်ရှ်ဒုံးကျည်ကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်လွှတ်မှုအောင်မြင်ခဲ့ကြောင်း၊ ၎င်းဒုံးကျည်သည် ဘင်္ဂလားပင်လယ်အော်ဝေဟင်အတွင်း လူမပါသည့်လေယာဉ်ငယ်တစ်စင်းကို ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။*

*ယခုမြေပြင်မှဝေဟင်ပစ် အက်ကတ်ရှ်ဒုံးကျည်ကို နိုင်ငံလေကြောင်းကာကွယ်ရေးစနစ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)*

# မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်မှုကို အထောက်အကူပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ 120 MW Gas Turbine (၃)လုံး ငှားရမ်းအသုံးပြုမည်

**နေပြည်တော် မေ ၂၇**

ဂျပန်နိုင်ငံ Nikkei Inc: နှင့် ဂျပန်စီးပွားရေးသုတေသနဗဟိုဌာန (Japan Center for Economic Research) တို့ကတာဝန်ခံ၍ ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသော 18 th International Conference on the Future of Asia သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်ခဲ့သည်။

**ဆွေးနွေးဟောပြော**

ယင်းကွန်ဖရင့်ကို ဂျပန်နိုင်ငံတွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းခေါင်းဆောင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးဟောပြောကြသည်။

ယခုနှစ်ကျင်းပသော (၁၈)ကြိမ်မြောက် ကွန်ဖရင့်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အာဆီယံအတွင်းရေးမှူးချုပ် Mr. Surin Pitsuwan၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Lee Kwan Yew၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr. Mahathr bin Mohamad၊ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ Ms. Nguyen Thi Doan၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Li Zhaoxing၊ ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Hina Rabbani Khan၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Koichiro Gemba၊ နယူးဇီလန်နိုင်ငံ စီးပွားရေးနှင့် ပြန်ကြားရေးဝန်ကြီး Mr. Craig Foss၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်း Mr. Olarn Chaipravat နှင့် တောင်ကိုရီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ အကြီးအကဲများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်ဆွေးနွေးဟောပြောကြသည်။

**ရှာဖွေဖော်ထုတ်**

အဆိုပါ ကွန်ဖရင့်၏အဓိကဦးတည်အကြောင်းအရာခေါင်းစဉ်မှာ ပြောင်းလဲမှုများ၊ ရှုပ်ထွေးမှုများဖြင့် မတည်ငြိမ်သော ယနေ့ကမ္ဘာ၌ အာရှ၏အခန်းကဏ္ဍအတွက် ဖွံ့ဖြိုးမှုပုံစံသစ်တစ်ခု ရှာဖွေဖော်ထုတ်ရန် (Asia's Role in a Tumultuous World-In Search of a New Growth Model) ဖြစ်သည်။

တက်ရောက်လာကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းခေါင်းဆောင်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ကမ္ဘာ့စီးပွားရေးအခြေအနေကို စိန်ခေါ်နေမှုနှင့် ဖြေရှင်းမှုနည်းလမ်းများအား အာရှ၏ရှုမြင်သုံးသပ်ချက်၊ အာရှ၏အနာဂတ်အတွက် ရှေ့တန်းရောက်လာသော သိပ္ပံနည်းပညာ၊ အာရှ-ပစိဖိတ်ဒေသတွင် ဩဇာအာဏာထိန်းညှိမှု ပျက်ယွင်းလာခြင်းနှင့် ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်မှုအခြေအနေ၊ အာရှပေါင်းစည်း ကမ္ဘာတွင် လှုပ်ရှားတက်ကြွသော စွမ်းအားသစ်များ ပေါ်ထွန်းလာခြင်းဟူသော အကြောင်းအရာ ခေါင်းစဉ်များအား တစ်ဦးချင်းနှင့်အဖွဲ့လိုက် ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုလည်း ရှင်းလင်းဖြေကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အာရှနှင့် ယနေ့မြန်မာနိုင်ငံတော်သစ်အခြေအနေ၊ မြန်မာနိုင်ငံ၏ အနာဂတ်အလားအလာနှင့် အာရှ၏အနာဂတ်မျှော်မှန်းချက်ဟူ၍ အပိုင်း(၃)ပိုင်းခွဲခြားကာ အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပြီး ကွန်ဖရင့်သို့တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Yukio Edano နှင့် မေ ၂၄ ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Koichiro Gemba နှင့် မေ ၂၅ ရက်တွင်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် လတ်တလောကြုံတွေ့နေရသည့် လျှပ်စစ်ဓာတ်အားမလုံလောက်မှုနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းစသည့် အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်နေမှုအခြေအနေကို အထောက်အကူပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ 120 MW Gas Turbine သုံးလုံးကို မြန်မာနိုင်ငံအနေဖြင့် ငှားရမ်းအသုံးပြုနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ သဘောတူညီမှုကို ရရှိခဲ့သည်။

ထို့အပြင် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် မြန်မာနိုင်ငံသို့ မေ ၂၆ ရက်တွင် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ဟောပြောဆွေးနွေး**

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသော 18th International Conference on the Future of Asia ၌ ဟောပြောဆွေးနွေးစဉ်။** (သတင်းစဉ်)

**❖ ရှေ့ဖုံးမှ**

ထို့အပြင် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် တစ်နှစ်လျှင် ဓာတ်အားကီလိုဝပ် ၈၄ သန်း ထုတ်လုပ်ပေးနိုင်သည့် ဆိုလာစခန်းကြီးတစ်ခုကိုလည်း တည်ဆောက်ကာ နေစွမ်းအင်များ ရယူအသုံးပြုသွားမည်ဖြစ်သည်။

**အခက်အခဲမရှိ**

ထိုသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုနိုင်ခြင်းကြောင့် အိုင်ဖုန်းများအသုံးပြုရာတွင် စွမ်းအင်ပြန်လည် ဖြည့်ဆည်းရေးအတွက် လွယ်ကူသက်သာသွားမည်ဖြစ်သည်။ ထို့အတူ အသုံးပြုသူများအတွက် အခက်အခဲမရှိနိုင်ကြောင်းသိရသည်။

ထို့အပြင် နေစွမ်းအင်သုံး အိုင်ဖုန်းအမျိုးအစားသစ်များကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ နေစွမ်းအင်အသုံးပြုမှုကို ယခုနှစ်ကုန်မှစတင်ကာ Apple ထုတ် အိုင်ဖုန်းများတွင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

***○ ရှေ့ဖုံးမှ***

*အဲလက်စမစ်တီးက ပုံမှန်ချိန်တွင် ပယ်နယ်တီဘော အပိုင်ကန်သွင်းမှုများကို ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။ ရှက်ဖီးလ်အသင်းသည် ပယ်နယ်တီ ရသော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးရမည့်အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ဟွတ်ဒါဖီးလ်အသင်းသည် ပုံမှန်ကစားချိန်တွင် ဂိုးသွင်းခွင့် အခွင့်အလမ်းများရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။*

***ဆွတ်ခူး***

*ဟွတ်ဒါဖီးလ်နှင့် ရှက်ဖီးလ်အသင်းတို့သည် ပုံမှန်ကစားချိန်နှင့် အချိန်ပိုတို့တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြသဖြင့် ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာ ဟွတ်ဒါဖီးလ်က ပယ်နယ်တီရှစ်ဂိုး-ခုနစ်ဂိုးဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။* ***(အင်တာနက်)***

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၂၆ ရက်တွင် မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်မည့်မြေနေရာ၊ တောင်တွင်းကြီးမြို့အဝင်၌ အဆင့်မြင့်တစ်ကေအကွက် ၈ဧ ၂၀၀ ဖော်ထုတ်ရန် မြေပြုပြင်နေမှုနှင့် ရေပေးသွင်းရန်ဆောင်ရွက်နေမှု၊ တောင်တွင်းကြီးမြို့ အုန်းတော(၁)ရပ်ကွက်နှင့် (၂)ရပ်ကွက်ရှိ မြို့ရေပေးရေးစက်ရေတွင်းများမှ ရပ်ကွက်များသို့ ရေဖြန့်ဖြူးပေးနေမှုနှင့် လျှပ်စစ်မီးရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ပြင်ပလူနာဌာနတို့ကို စစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ပြင်ပလူနာဌာနတို့ကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လှူဒါန်းပေးအပ်

**မေ ၂၅ ရက်က အထက(၁) လမ်းမတော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အမျိုးသမီးဘောလုံးအသင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံးအသင်းတို့အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ဝင်များက အလှူငွေများ၊ အားဖြည့်အစားအစာများနှင့် ဒဏ်ကြေဆေးဝါးများ ပံ့ပိုးကူညီ လှူဒါန်းပေးအပ်စဉ်။**
(မြို့နယ် ပြန်/ဆက်)

**မြန်မာ့အလင်း** မူလတန်းအခမဲ့ပညာရေးဖော်ဆောင်၊ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံပွဲများကျင်းပ

# နိုင်ငံတော်၏စေတနာကို ကျေးဇူးတင်

**မန္တလေး မေ ၂၇**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံပွဲများကို မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ နိုင်ငံတစ်ဝန်းကျင်းပလျက်ရှိနေကြပြီဖြစ်သည်။

ယခုပညာသင်နှစ်တွင် ပိုမိုထူးခြားသည်မှာ အခြေခံပညာမူလတန်းအဆင့် မသင်မနေရအဖြစ် သူငယ်တန်းမှ စတုတ္ထတန်းအထိ အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် အခမဲ့ကျောင်းအပ်နှံရေးနှင့် အခမဲ့ ကျောင်းသုံးစာအုပ်များထုတ်ပေးရေးကို ဆောင်ရွက်လျက်ရှိနေကြခြင်းပင်ဖြစ်သည်။

မေ ၂၅ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ခိုင်ခိုင်သန့်က နိုင်ငံတော်မှအခြေခံပညာမူလတန်းအဆင့် အခမဲ့ပညာသင်ကြားနိုင်ရေး ပညာရေးကဏ္ဍကို ရှင်းပြခဲ့သည်။ ထို့နောက် သူငယ်တန်း၊ ပထမတန်း ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံဆောင်ရွက်ပေးပြီး ပညာရေးဌာနမှပေးပို့သော ကျောင်းသုံးစာအုပ်များကို အခမဲ့ထုတ်ဝေပေးသည်။

ဆင်းရဲနွမ်းပါး လက်လုပ်လက်စားမိဘများ ယခင်က နှစ်စဉ် ကျောင်းဖွင့်ရာသီတွင် သားသမီးများကျောင်းအပ်နှံရေး၊ ပညာသင်ကြားရေးအတွက် စိုးရိမ်ပူပန်သောကဖြစ်ခဲ့ကြရာ ယခုနှစ် နိုင်ငံတော်မှ မူလတန်းအဆင့် ကလေးငယ်များ အခမဲ့ပညာ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးသဖြင့် နိုင်ငံတော်၏စေတနာကို ကျေးဇူးတင်ရကြောင်း ကျောင်းသားတစ်ဦး၏ဦးလေးဖြစ်သူ ဦးမော်စန်းက ဝမ်းသာပီတိစကား ဆိုခဲ့သည်။ **(၀၂၆)**



# ထန်းတပင်မြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံ

**ထန်းတပင် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် အထက လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကျောင်းနေအရွယ် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက ကျောင်းအပ်နှံရေးနှင့် ဗလာစာအုပ်လှူဒါန်းခြင်းအကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗလာစာအုပ်ဒါဇင် ၈၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(အပေါ်ဝဲပုံ)(မြန်မာ့အလင်း)**

# ယခုနှစ်ကျောင်းဖွင့်ရာသီ အားလုံးအဆင်ပြေ

***ရေစကြို မေ ၂၇***

*မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် မြို့နယ်အတွင်းရှိ (ထက်/လယ်/မူ) ကျောင်းများအားလုံး၌ ကျောင်းသား ကျောင်းသူများလက်ခံရာတွင် ခေါင်းစဉ်တပ်၍ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရန် ညွှန်ကြားထားပြီးဖြစ်သည်နှင့်အညီ မေ ၂၅ ရက်မှစ၍ သက်ဆိုင်ရာကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို လက်ခံဆောင်ရွက်လျက်ရှိကြသည်။*

*ရေစကြိုမြို့ အမှတ်(၁) အထကတွင် ကျောင်းသား ကျောင်းသူများကို လက်ခံဆောင်ရွက်ရာ၌ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် နိုင်ငံတော်မှ ထောက်ပံ့သည့် ဗလာစာအုပ်ခြောက်အုပ်နှင့် ပုံနှိပ်စာအုပ်အစုံကို (အခမဲ့) ဖြန့်ဝေပေးလျက်ရှိပြီး အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံဆောင်ရွက်ရာတွင် ပုံနှိပ်စာအုပ်အစုံ (အစိုးရထုတ်ဈေး)၊ မိဘဆရာအသင်းကြေး ငွေကျပ် ၅၀၀၊ ASL (စာရေးကိရိယာ၊အားကစား၊ စာကြည့်တိုက်)အတွက် ငွေကျပ် ၅၀၀ နှင့် အတန်းအလိုက် ကျောင်းလခမှလွဲ၍ အခြားငွေကြေး ကောက်ခံခြင်းမရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ရင်က ရှင်းလင်းပြောကြားသည်။*

*ယခုပညာသင်နှစ်တွင် မူလတန်းအဆင့်(အခမဲ့) ပညာသင်ကြားခွင့်ရရှိပြီး အထက်တန်း၊ အလယ်တန်းတွင်လည်း အခြားခေါင်းစဉ်တပ်ငွေကြေးကောက်ခံခြင်းမရှိသည့်အတွက် အားလုံးအဆင်ပြေလျက်ရှိကြောင်းနှင့်မူလတန်းပညာ(အခမဲ့)ပညာသင်ကြားခွင့်ပြုပေးသည့် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်လျက်ရှိကြကြောင်း ကျောင်းလာအပ်သည့် ကျောင်းသားမိဘများ၏ရင်တွင်းစကားသံကို ကြားသိခဲ့ရသည်။* ***(ဖေထွဏ်းဇော်-ရေစကြို)***

# ပူးပေါင်းလက်တွဲပါဝင်ရန် အားလုံး၌ တာဝန်ရှိသည်

## ချမ်းမြအေး

ဒီမိုကရေစီခရီးသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဖြောင့်ဖြောင့်တန်းတန်း အဆင်ပြေချောမွေ့သော ကာလလည်းရှိမည်။ အချိုးအကွေ့များဖြင့် ပင်ပန်းခက်ခဲမှုလည်း ရှိနိုင်သည်။ အရှိန်အဟုန်ဖြင့် ရှေ့ခရီးဆက်နိုင်သည်လည်းရှိမည်။ နှောင့်နှေးမှုကို စိတ်ရှည်သည်းခံ၍ ခရီးဆက်ရသည်လည်းရှိနိုင်သည်။ အချို့သောအခြေအနေများတွင် ခုန်ပျံကျော်လွှားသွားနိုင်သည်များ ရှိသကဲ့သို့ အချို့ကဏ္ဍများတွင်မူ တစ်ဆင့်ချင်းသာ သိမ်သိမ်မွေ့မွေ့ညင်ညင်သာသာ စနစ်တကျကူးပြောင်းနိုင်ရေး ဆောင်ရွက်ရသည်လည်း ရှိမည်မုချဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး (Democracy Reform)တွင် ပါဝင်ပတ်သက်သည့် Stake Holders အားလုံး၏ ရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ မရှိမဖြစ် လိုအပ်သည်ကို မမေ့အပ်။

ဒီမိုကရေစီသည် ပြည်သူကိုဗဟိုပြုသည်။ လူအများစု (ပြည်သူ)၏ ဆန္ဒသဘောထားကို အလေးထားအသိအမှတ်ပြုရပြီး လူအများစု (ပြည်သူ)၏ အဆုံးအဖြတ်ကို လေးစားနာခံရသော ကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူသည် Democracy Reform ၏ အဓိကကျသော အင်အားစုဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားသော အဓိကပဓာနကျမှု အခန်းကဏ္ဍကို ရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ဖြင့် ပေါင်းစပ်၍ အနာဂတ်အောင်မြင်မှုကို ပူးပေါင်းလက်တွဲ တည်ဆောက်ကြရမည်ဖြစ်သည်။

**ယနေ့ မြန်မာနိုင်ငံဝယ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာပထမအဆင့်ကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ယခုမဟာဗျူဟာ ဒုတိယအဆင့်သို့ တစ်ဆင့်တက်ဆောင်ရွက်တော့မည်။ အပြောင်းအလဲကို လိုချင်နေသည့် ပြည်သူများ၏ ဆန္ဒကိုအလေးထားပြီး နိုင်ငံတော်အပိုင်းက Reform ကို ထိထိရောက်ရောက်ပြောင်းလဲလုပ်ဆောင်ပေးရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိ။**

နိုင်ငံတော်အပိုင်းက ပြည်သူတစ်ဦးချင်း ထိတွေ့ခံစားနေရသည့်၊ နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေး၊ သွားလာနေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြောင်းလဲတိုးတက်ရေး၊ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားရေးဘဝကို ထိထိရောက်ရောက် တိုးတက်အောင်ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကိုအရှိန်အဟုန်ဖြင့် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်း နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်ပြီး လူမှုစီးပွားဘဝ သိသိသာသာပြောင်းလဲသွားအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး (People Centered Development) ရည်မှန်းချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ Civil Society များ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အထူးအရေးပါလာပေမည်။

လက်ရှိအစိုးရသစ်လက်ထက်ဝယ် နိုင်ငံသည်ကဏ္ဍအားလုံး၌ အရှိန်အဟုန်ဖြင့်ပြောင်းလဲနေသည်မှာ ပကတိအရှိတရားဖြစ်သည်။ သမ္မတကြီးဦးဆောင်သည့်အစိုးရအဖွဲ့က အနာဂတ်ဒီမိုကရေစီလမ်းကြောင်းအတွက် ပြုပြင်ပြောင်းလဲသင့်သည်များကို အချိန်မဆိုင်းအရှိန်အဟုန်ဖြင့် နေ့ချင်းညချင်း ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးနေသည်။ အလားတူလွှတ်တော်များအပိုင်းကလည်း "ပြည်သူ့အသံ၊ လွှတ်တော်အသံ" ဟူသည့် ခံယူရပ်တည်ချက်မျိုးဖြင့် ဆိုင်ရာလုပ်ငန်းရပ်များတွင် ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးနေသည်။ အလားတူ တရားစီရင်ရေးအပိုင်းကလည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့အတွက် တရားရေးမဏ္ဍိုင် တိကျမှန်ကန်ခိုင်မာမှုရှိစေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ဖက်က စတုတ္ထမဏ္ဍိုင် စာနယ်ဇင်းလောကသည်လည်း နိုင်ငံတော်အပိုင်းက ဖြေလျှော့ခွင့်ပြုပေးမှုများနှင့်အတူ ပွင့်လင်းမြင်သာပြီး လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးနိုင်သော စတုတ္ထမဏ္ဍိုင် ပီပီသသ ရပ်တည်လာနိုင်တော့မည် ဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများမှာ မှန်ကန်သောစေတနာနှင့် ထက်သန်ပြင်းပြသော ဆန္ဒဇောတို့ဖြင့် ဖော်ဆောင်မှုများကြောင့် နိုင်ငံတကာအပါအဝင် မည်သူမျှ မမျှော်မှန်းခဲ့သော အလျင်နှုန်း အရှိန်အဟုန်မျိုးဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတကာက ဤမျှသွက်လက်မြန်ဆန်စွာပြုပြင်ပြောင်းလဲနိုင်လိမ့်မည်ဟု မမျှော်လင့်ခဲ့။ မြန်မာပြည်သူများကလည်း ဤမျှအထိ နေ့ချင်းညချင်းဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမည်ဟု မမျှော်လင့်ခဲ့။ သို့သော် မျှော်လင့်သည်ဖြစ်စေ၊ မမျှော်လင့်သည်ဖြစ်စေ နိုင်ငံတော်အပိုင်းက မည်သူ့တိုက်တွန်းမှုမျှမပါဘဲ ကိုယ်ပိုင်ခံယူချက်အသိဖြင့် ထက်သန်ပြင်းပြစွာ ပြုပြင်ပြောင်းလဲဖော်ဆောင်နေသည်မှာ လက်တွေ့မျက်မြင်ဖြစ်သည်။ အားလုံးအံ့အားသင့်ကြရသည်။ တအံ့တသြချီးကျူးကြရသည်။ တစ်ဆက်တည်း အပြုသဘောတုံ့ပြန်မှုများဖြင့် အသိအမှတ်ပြုကြရသည်။ ဤသည်မှာ လက်ရှိအခြေအနေမှန်ပင်ဖြစ်သည်။

ပြည်သူများကိုယ်တိုင်လည်း အသိပင်ဖြစ်သည်။ ယခင်အခြေအနေနှင့်ယခုအခြေအနေမတူတော့။ လွတ်လပ်မှု၊ ပွင့်လင်းမှုတွေ အများကြီးပိုလာသည်။ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်တွေ၊ ရပ်တည်မှုတွေ၊ ဂုဏ်သိက္ခာတွေ အများကြီးတိုးတက်ပိုင်ဆိုင်လာသည်။ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းတွေ၊ မျှော်လင့်ချက်၊ မျှော်မှန်းချက်တွေ ပိုမိုခိုင်မာလာသည်။ ပြည်သူ၏ ရပ်တည်မှုအခန်းကဏ္ဍ မြင့်မားလာသည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ယခင်တုန်းက မရခဲ့တာတွေ ယခုရနေပြီ။ ယခင်တုန်းက လုပ်ခွင့်၊ ပြောခွင့်မရခဲ့တာတွေ ယခုလုပ်နိုင်၊ ပြောနိုင်နေကြပြီ။ ယခင်တုန်းက လျစ်လျူရှုခံခဲ့ရသမျှ ယခုထိုက်တန်သည့် အသိအမှတ်ပြုမှုကို ခံယူရရှိနေကြပြီ။ ကိန်းဂဏန်းဖြင့်၊ ရာခိုင်နှုန်းဖြင့်ဖော်ပြ၍မရနိုင်သော်လည်း တစ်ဦးချင်းစီ၏ရင်ထဲ၊ နှလုံးသားထဲ၌ ခံစားသိမြင်နားလည်နိုင်သော တိုးတက်ပြောင်းလဲမှုများကို ပြည်သူအားလုံးရနေကြပြီဖြစ်သည်။

**သူများနိုင်ငံနှင့်ယှဉ်လျှင် ရတာနည်းသေးသည်ဟု စောဒကတက်လိုသူများရှိနိုင်သည်။ သို့သော် ရေတစ်ဝက်ရှိလာပြီဖြစ်သော ဖန်ခွက်အပေါ် အကောင်းမြင်ပြီး ရေအပြည့်ဖြစ်လာမည့် အနာဂတ်အတွက်အကောင်းဆုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့်သည်ဟု ဆိုချင်သည်။ အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျဟူသည်မှာ နှိုင်းရသီအိုရီအရ နှိုင်းယှဉ်သည့် အနှိုင်းခံညွှန်းကိန်းအပေါ်၌သာ မူတည်သည်။ ယခင်နှင့် ယခုလက်ရှိ ကွာခြားမှုသည်ပင် ယခင်က မည်သို့မျှမမျှော်မှန်းနိုင်ခဲ့သော တိုးတက်မှုဖြစ်သည်ကို မမေ့သင့်။**

လတ်တလောအခြေအနေတွင်အချို့သောမြို့ကြီးများ၌ ဖယောင်းတိုင်မီးများကိုင်ဆောင်၍ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးဆန္ဒဖော်ထုတ်မှုများ ကြိုးကြားကြိုးကြား ပြုလုပ်နေသည်ကို သတိပြုမိသည်။ အလားတူ လှိုင်သာယာ၊ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ ဒဂုံမြို့နယ်များရှိ စက်ရုံအချို့တွင် အလုပ်သမားအခွင့်အရေးတောင်းဆိုသည့် ဆန္ဒပြပွဲများလည်း ဆက်တိုက်ဆိုသလိုကြားသိနေရသည်။ ယခင်အစိုးရအဆက်ဆက်က စီမံကိန်းအမျိုးမျိုးအတွက်သိမ်းယူခံခဲ့ရသည့် လယ်မြေများအတွက် နစ်နာကြေးရလိုမှု တောင်းဆိုရေးလှုပ်ရှားမှုများလည်းရှိနေသည်။ အမျိုးမျိုးသော အဖွဲ့အစည်း၊ အသင်းအပင်း၊ သမဂ္ဂဖွဲ့စည်းရေးလှုပ်ရှားမှုများကိုလည်း တွေ့နေရသည်။ အဆိုပါ ဆန္ဒထုတ်ဖော်မှုများ၊ တောင်းဆိုဆန္ဒပြမှုများ၊ လှုပ်ရှားမှုများတွင် နိုင်ငံရေးပါတီအချို့နှင့် နိုင်ငံရေးသမားအချို့ နောက်ကွယ်မှပါဝင်ပတ်သက်နေကြသည်ကိုလည်း ကြားသိတွေ့မြင်နေရသည်။

ပြောရလျှင် ဤအခြေအနေများမှာ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် အသိတရား၊ သတိတရားနှင့်ယှဉ်၍ ဆောင်ရွက်သင့်ကြသော အခြေအနေဖြစ်သည်။ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ယခင်၊ ယခုအခြေအနေများကို နှိုင်းယှဉ်ပြီး ဖန်ခွက်ထဲကရေတစ်ဝက်ကို အပြုသဘောရှုမြင်သင့်သည်။ လတ်တလော လျှပ်စစ်မီးများဘာကြောင့်ပြတ်တောက်နေရသည်ဆိုသည်ကို ပြည်သူအားလုံးသိပြီးဖြစ်သည်။ ဘယ်သူ့လက်ချက်ကြောင့် ဘယ်လိုတွေပျက်စီးပြီး ယခုဘယ်လိုကုစားဖို့ ကြိုးပမ်းဆောင်ရွက်နေသည်များကို နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပြီး Awareness လုပ်နေသည်ကိုလည်း အားလုံးအသိ။ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုဆိုရာမှာလည်း ပြဋ္ဌာန်းပြီးဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းများဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေများနှင့်အညီ နည်းလမ်းတကျ ပြေလည်စွာညှိနှိုင်းဖြေရှင်းနိုင်သည့် ကိစ္စရပ်များသာဖြစ်သည်။

ဤသို့ဆို၍ ဆန္ဒထုတ်ဖော်မှုများ၊ တောင်းဆိုမှုများမလုပ်ရဟု မဆိုလိုပါ။ မြန်မာပြည်သူများ ယခုကဲ့သို့ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြတောင်းဆိုမှုများလုပ်ဆောင်လာနိုင်သည်ကို ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့် ဂုဏ်ယူမိသည်။ ဒီမိုကရေစီနိုင်ငံသားတစ်ယောက်အနေဖြင့် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များဖြစ်၍ အားလည်းအားပေးသည်။ သို့သော် မိဘ၏အခက်အခဲနှင့်အခြေအနေမှန်ကို ခရေစေ့တွင်းကျ သိမြင်နားလည်ထားပြီးဖြစ်ပါလျက် တမင်သက်သက်ကျီကျဆိုးနွဲ့နေသော သားသမီးများ မဖြစ်စေလိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ မိဘကပိုင်ဆိုင်သည့် နေဥစ္စာ၊ လက်ရှိ ရှိနေသည့် အခြေအနေများအပေါ်မူတည်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်းဆုံးလုပ်ဆောင်ပေးနေသည်များကို မိမိတတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပြီး မိမိတို့ဖြစ်စေလိုသည့် အဆင့်တစ်ခုသို့ အမြန်ဆုံးရောက်ရှိအောင် လက်တွဲပူးပေါင်းကြိုးပမ်းသည့် နည်းလမ်းမျိုးရွေးချယ်နိုင်မည်ဆိုပါက သားရွှေအိုးထမ်းသည့်ကိန်း ဆိုက်မည်မှာ မုချဧကန်ပင်ဖြစ်သည်။

နိုင်ငံတော်၏ အဘက်ဘက်မှ နောက်ကျနေရသော အခြေအနေများအတွက် ဒီယနေ့တာဝန်ယူနေသူတွေ ဘယ်လောက်ထိ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးနေရသည်ကိုလည်း အားလုံးသိနားလည်ပြီးဖြစ်သည်။ ထို့ကြောင့်တစ်ဖက်တည်း၊ တစ်ဘို့တည်းမကြည့်ဘဲ မျှမျှတတ ရှုမြင်သုံးသပ်ဆောင်ရွက်နိုင်လျှင် အဖြေမှန်နှင့် ပိုနီးမည်ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် ဒီမိုကရေစီနှင့် ထိုက်တန်သည့် နိုင်ငံသားကောင်းပီသစွာရင့်ကျက်ပြည့်ဝမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ ဆန္ဒထက်သန်မှု၊ အမြော်အမြင်ကြီးမှုတို့ပေါင်းစပ်၍ ပူးပေါင်းလက်တွဲဆောင်ရွက်သင့်သည်။

ယနေ့ဖြစ်ပေါ်နေသည့် ဆန္ဒထုတ်ဖော်မှု၊ တောင်းဆိုမှုများသည် ကာယကံရှင်များက မည်သို့သောရည်ရွယ်ချက်မျိုးဖြင့် ဆောင်ရွက်ကြသည်ဖြစ်စေ၊ ဒေသရပ်ရွာ၏ တည်ငြိမ်အေးချမ်းမှုကို အနည်းနှင့်အများဆိုသလို ထိခိုက်ပျက်ယွင်းစေသည်သာ ဖြစ်သည်။ ဒေသရပ်ရွာအများအပြား၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားလာမည်ဆိုပါက တစ်နိုင်ငံလုံး၏ တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်လာမည်ဖြစ်သည်။ အားလုံးသိပြီး ဖြစ်သည့်အတိုင်း တည်ငြိမ်အေးချမ်းမှုသည် ဒီမိုကရေစီဖော်ဆောင်မှု၏ ဖွားဖက်တော်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီကို မည်သို့မျှအောင်မြင်အောင် ဖော်ဆောင်နိုင်မည်မဟုတ်။ တစ်ချိန်တည်းမှာပင် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တည်ဆောက်နိုင်မည်မဟုတ်။ သို့ဆိုလျှင် ထိုထိုသောမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်မှုများသည် ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်တောင့်တချက်နှင့် လုံးလုံးလျားလျား ဆန့်ကျင်နေမည်သာ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကလည်း သတိတရားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ကြသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ယခုတောင်းဆိုနေသည့်ကိစ္စများကို နိုင်ငံတော်က မလုပ်ပေးနေသည်လည်းမဟုတ်။ ရှိနေသည့်အခြေအနေအတွင်းမှ အကောင်းဆုံးဖြစ်အောင် လုပ်ပေးနေသည်ကိုလည်း အားလုံးအသိ။ ရှေ့ဆက်ပြီးလည်း လုပ်ပေးဆဲ လုပ်ပေးနေဦးမည်သာဖြစ်သည်။ ရောမမြို့ကြီးကို တစ်နေ့တည်းနှင့် တည်ဆောက်ခဲ့ခြင်း မဟုတ်သည်ကို မမေ့သင့်။ ကျွန်တော်တို့လည်း ဒီမိုကရေစီနိုင်ငံတော်ကြီးကို နေ့ချင်းညချင်း တည်ဆောက်နိုင်လိမ့်မည်ဟု မမျှော်လင့်သင့်။ ဆန္ဒမစောသင့်။ မြန်စေလိုသောဆန္ဒဖြင့် တွန်းအားပေးသည်မှာမှန်သော်လည်း ဝန်နှင့်အားမျှဖို့လိုသည်။ မနိုင်ဝန် ထမ်းနေရမှန်းသိလျှင် မိမိကလည်း ဝိုင်းဝန်းကူမျှထမ်းပိုးသင့်သည်။ နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

ကျွန်တော့်အမြင်ပြောရလျှင် Reform ဟူသည် စင်းလုံးချောချောမွေ့ပြေပြစ်သော လမ်းကြောင်းတစ်ခုမဟုတ်။ အခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့၊ စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့၊ မူဝါဒသဘောတရားတစ်ခုမှ အခြားမူဝါဒသဘောတရားတစ်ခုသို့ ပြောင်းလဲခြင်းဖြစ်ရာ အဆိုပါအပြောင်းအလဲ(အသွင်ကူးပြောင်းမှု) အောင်မြင်စေရေးအတွက် အလျှော့အတင်း၊ စိုက်ထုတ်ပေးဆပ်မှု၊ ရေကုန်ရေခန်းကြိုးပမ်းရမှု၊ ဆုံးရှုံးနစ်နာမှုစသည်တို့မှာ မလွဲမသွေဖြတ်သန်းရမည့် မှတ်တိုင်များပင် ဖြစ်သည်။ "ထောင်မြင်ရာစွန့်" ရသောလုပ်ငန်းမျိုးဖြစ်၍ ထောင်ချီသောအကျိုးအမြတ်မရမီ ရာချီသောပိုင်ဆိုင်မှုကို စွန့်လွှတ်ကောင်း စွန့်လွှတ်ရနိုင်သည်ကို မမေ့အပ်။ ထို့ပြင် တစ်ဆင့်ချင်းတစ်ဆင့်ချင်း သွားရသောခရီးမျိုးဖြစ်၍ "အခုရေတွင်းတူး အခုရေကြည်သောက်" ချင်သော လောဘမျိုးကိုလည်း အသိ၊ သတိတို့ဖြင့် ထိန်းချုပ်ရမည်ကို မမေ့အပ်။ Democracy Reform ကို အချိန်ယူ၍ စနစ်တကျတစ်ဆင့်ချင်း မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အရင်းအနှီးကြီးမားစွာ ပေးဆပ်ခဲ့ရသော အီဂျစ်၊ လစ်ဗျားအပါအဝင် အာရပ်နွေဦး သင်ခန်းစာများကိုလည်း မမေ့အပ်။

ဒီမိုကရေစီအခွင့်အရေးသည် လူတိုင်း၌ညီတူညီမျှရှိကြသည်။ မည်သူမျှ မပိုသကဲ့သို့ မည်သူမျှလည်း မလိုပေ။ သို့သော် လူတစ်စုတစ်ဖွဲ့၏ အလျင်လိုသော ဆန္ဒစွဲများကြောင့် ကျန်အများစုကြီး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသော ဆန္ဒများ ထိခိုက်ဆုံးရှုံးရမည်ဆိုလျှင်. . .။

**ယနေ့နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများသည် ပွင့်လင်းမြင်သာပြီး အလွန်ပင်ထိရောက်မြန်ဆန်လွန်းလှသည်။ ယခုပင် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၌ Top Down ပုံစံအစား Bottom up Initiative ပုံစံပြောင်းလဲဆောင်ရွက်ကြရန် သမ္မတကြီးကိုယ်တိုင်ကလမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သည်။ ထို့ပြင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ကြရာ၌ အသေးစိတ်လေ့လာဆောင်ရွက်သွားကြရမည့် ရည်မှန်းချက်များကိုလည်း ချပြပြီးဖြစ်သည်။ အဆိုပါ ရည်မှန်းချက်များတွင် "ပြည်သူတစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်း ရေ၊ မီးအဆင်ပြေစေရန်" ဟူသည့် ရည်မှန်းချက်လည်း ပါဝင်သည်ကို အားလုံးသတိပြုမိကြပြီးဖြစ်ပေမည်။ ပြောရလျှင် ယနေ့အစိုးရက ပြည်သူကို အလေးထားသည်။ ပြည်သူ့ဆန္ဒကို အလေးထားသည်။ ထို့ကြောင့်လည်း ပြည်သူ့ဆန္ဒနှင့်အညီ လိုအပ်ချက်များကို သိသိသာသာ ပြောင်းလဲတိုးတက်အောင် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်နေသည်။ ယနေ့မဖြစ်နိုင်သေးသည်များ မနက်ဖြန်၊ သန်ဘက်ခါ ဖြစ်လာမည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိ။**

**"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်၊ တိုးတက်လိုတဲ့ဆန္ဒသာရှိပြီး အလုပ်ကိုကြိုးစားမလုပ်ရင်၊ စည်းကမ်း မရှိရင်၊ စည်းလုံးမှုမရှိရင် သူများနိုင်ငံနောက်က လိုက်နေရမှာဖြစ်ပါတယ်၊ ဘယ်လောက်ပဲ ကောင်းမွန်တဲ့ ရေမြေတောတောင် သဘာဝအရင်းအမြစ်တွေကို ပိုင်ဆိုင်ထားသော်လည်း အလုပ်ကို ကြိုးစားပမ်းစားနဲ့ မလုပ်ရင် ဆင်းရဲမြဲ ဆင်းရဲနေမှာဖြစ်ပါတယ်၊ အဆင်းရဲဆုံး LDC နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့အတွက် တစ်ခုတည်းသောနည်းလမ်းဟာ ဥပဒေနဲ့အညီ အလုပ်လုပ်ကြဖို့ဖြစ်ပါတယ်"**

မေလ(၁၁)ရက်နေ့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်မှ နိဂုံးချုပ်ပြောကြားချက် ကောက်နုတ်ချက်ဖြစ်သည်။ မှန်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် အခြားနိုင်ငံများထက်သာလွန်ကောင်းမွန်သည့် ရေမြေတောတောင်သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ သို့ပါလျက် ကျွန်တော်တို့ LDC နိုင်ငံဘဝ ကျရောက်နေရသည်။ ယခုအချိန်တွင် မည်သူမည်ဝါအပြစ်ပုံချနေ၍ အကျိုးရှိနိုင်မည်မဟုတ်တော့။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျွန်တော်တို့နိုင်ငံသားတိုင်း တာဝန်ရှိသည်။ တိုးတက်လိုသည့်ဆန္ဒလည်း လူတိုင်း၌ရှိကြသည်။ ထိုဆန္ဒကိုအရင်းခံ၍ စည်းကမ်းရှိစွာ၊ စည်းလုံးညီညွတ်မှုရှိစွာ၊ ဥပဒေနှင့်ညီညွတ်စွာ ကြိုးစားပမ်းစားအပတ်တကုတ်လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ကြမှသာ ကျွန်တော်တို့၏ အနာဂတ်အိပ်မက်များကို လက်တွေ့အမှန်တကယ် မျက်မှောက်ပြုနိုင်ကြမည်ဖြစ်သည်။

**မဝေးတော့သည့်ကာလတွင် ကျွန်တော်တို့ပြည်သူအားလုံး၏ လိုလားချက်ဆန္ဒများ၊ မျှော်လင့်ချက် မျှော်မှန်းချက်များ အမှန်တကယ်ပြည့်ဝလာရမည်။ ယနေ့ပြုပြင်ပြောင်းလဲမှုများ၌ ပူးပေါင်းလက်တွဲပါဝင်ရန် ကျွန်တော်တို့အားလုံး၌ တာဝန်ရှိပါသည်။**



## ဒုတိယပိုလ်ချုပ်ကြီးအော…
## ချစ်ကြည်ရေးကိုယ်စားလှယ်အ…

နေပြည်တော်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီ…
အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိ…
တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရောဝတီရေတပ်စ…
အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးတို့က ရ…
သတင်းရရှိသည်။

## ကျေးရွာပိုင်သစ်မာစိုက်ခင်းများ သာယာဝတီ၌…

သာယာဝတီ မေ ၂၇

သာယာဝတီမြို့နယ် စည်ပင်ကျေးရွာအုပ်စု နွယ်ခွေကြီးကျေ…
မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် ကျေးရွာပိုင်သစ်မာ…
စိုက်ပျိုးရန်အတွက် ပန္နက်ရိုက်ခြင်း၊ မြေပြုပြင်ခြင်းကို နွယ်ခွေ…
၂၀ ရက်ကကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်း…
ဝန်ထမ်းများ၊ ကျေးရွာတာဝန်ခံဦးသန်းဌေးနှင့် ကျေးရွာပြည်သူ…
ရွက်ခဲ့ကြသည်။ သာယာဝတီမြို့နယ်အနေဖြင့် ၂၀၁၂ ခုနှစ် မိုး…
ပိုင် သစ်မာစိုက်ခင်း တစ်ရွာတစ်ဧကဖြင့် ကျေးရွာပေါင်း ၁၀…
စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (အေး…



## မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံ…

နေပြည်တော် မေ ၂၇

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျ…**
သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္…
တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်န…
စိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်…
တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရောဝတီ…
ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး…
ကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။
စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွ…
အပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြ…
ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီ…
၈ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွ…
အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်…
ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်…
**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်…
ပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအား…
ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူ…
**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်း…
ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း…
လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျ…
လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခ…
**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်း…
အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။
**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့…
မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။
**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျ…
မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



# ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံမှပြန်ရောက်

နေပြည်တော် မေ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ရွှေစမ်းချောင်းတံတားကြီးကို (၂၂-၁၀-၂၀၁၀) ရက်တွင် ပန္နက်တင်ပြီး စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေစမ်းချောင်းတံတားကြီးကို ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဆောင်သော တံတားအထူးအဖွဲ့(၇)အား တာဝန်ပေး ဆောက်လုပ်ခဲ့ပြီး ချဉ်းကပ်လမ်း တည်ဆောက်ခြင်းကို လေယာဉ်ကွင်း အထူးအဖွဲ့ (၅)က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း၊ အင်ဂျင်နီယာဝန်ထမ်း ၃၀၊ ကျွမ်းကျင်လုပ်သား ၉၅ ဦး၊ ရိုးရိုးလုပ်သား ၇၄၅ ဦးတို့ဖြင့် စုပြုံ ပုံအောပြီးအချိန်တိုအတွင်း ပြီးစီးအောင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေစမ်းချောင်းတံတား တည်ဆောက်ရေးတွင် စက်/ယန္တရားအနေဖြင့် ဘိုးပိုင်စက်သုံးစီး၊ ကရိန်းနှစ်စီး၊ မြေတင်စက်နှစ်စီး၊ မြေတူးတင်စက်နှစ်စီး၊ မြေထိုးစက်နှစ်စီး၊ မြေသိပ်သည်းစက်နှစ်စီး၊ မြေညှိစက်တစ်စီး၊ လမ်းကြိတ်စက်တစ်စီး၊ မီးစက်သုံးစီး၊ ကွန်ကရစ်ဖျော်စက်ခြောက်စီးနှင့် ကုန်သယ်ယာဉ် ခြောက်စီး စုစုပေါင်း စက်/ယာဉ် ၃၀ စီးတို့ကို သုံးစွဲတည်ဆောက်ခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်းကို တစ်ပြိုင်နက်တည်း ဆောက်လုပ်ခဲ့ရာ မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီးဖြစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား (ညောင်တုန်း)နှင့် ဧရာဝတီတံတား (စင်းခန်း)တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်တံတားနှစ်စင်းဖြစ်သော ဧရာဝတီတံတား(မလွန်)နှင့် ဧရာဝတီတံတား (ရတနာသိင်္ဃ)တို့ကိုလည်း မကြာမီ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနေဖြင့် ဧရာဝတီတံတား(မလွန်) ၅၈၃၉ ပေ၊ လွှာချောင်း တံတားပေ ၉၆၀၊ မင်းတုန်းတံတား ပေ ၁၀၈၀၊ ရွှေချောင်းအမှတ်(၁)တံတား ပေ ၉၀၀ နှင့် ဝက်ခုတ်တံတား ပေ ၃၀၀ တို့အား တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ ပင်းချောင်းတံတား၊ ဆားပွက်ချောင်းတံတား၊ နွယ်တမယ်တံတား(တိုးချဲ့)၊ စွန်ချောင်းတံတားနှင့် ဆင်ဇာချောင်း တံတားတို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အံ့ဇော်၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဖေနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ရွှေစမ်းချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖြတ်သန်းကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည် ရောက်ရှိလာသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**ရွှေစမ်းချောင်းတံတား**

**ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ ရွှေစမ်းချောင်းတံတားကို တွေ့ရစဉ်။** (သတင်းစဉ်)



# ကျေးရွာပိုင်သစ်မာစိုက်ခင်းများ သာယာဝတီ၌ စိုက်ပျိုးမည်

သာယာဝတီ မေ ၂၇

သာယာဝတီမြို့နယ် စည်ပင်ကျေးရွာအုပ်စု နွယ်ခွေကြီးကျေးရွာ၌ ၂၀၁၂ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် ကျေးရွာပိုင်သစ်မာစိုက်ခင်း တစ်ဧကစိုက်ပျိုးရန်အတွက် ပန္နက်ရိုက်ခြင်း၊ မြေပြုပြင်ခြင်းကို နွယ်ခွေကြီးကျေးရွာ၌ မေ ၂၀ ရက်ကကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းသန်းနှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာတာဝန်ခံဦးသန်းဌေးနှင့် ကျေးရွာပြည်သူများစုပေါင်းဆောင်ရွက်ခဲ့ကြသည်။ သာယာဝတီမြို့နယ်အနေဖြင့် ၂၀၁၂ ခုနှစ် မိုးရာသီတွင် ကျေးရွာပိုင် သစ်မာစိုက်ခင်း တစ်ရွာတစ်ဧကဖြင့် ကျေးရွာပေါင်း ၁၀ ရွာတွင် ၁၀ ဧကကို စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



## MRTV-4

၂၈-၅-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၄၀ | **အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဘူး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၆:၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၅) |
| ၇:၃၀ | MRTV- 4 သတင်း |
| ၈:၀၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၉) |
| ၁၀:၀၅ | အဆင့်မြင့်မင်္ဂလာဈေး မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်နှင့် ရွှေပြည့်စုံဈေး မိသားစုများ၏ သီတဂူအာယုဒါန ဆေးအလှူတော် ဓမ္မသဘင်ပွဲ |
| ၁၀:၅၅ | ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ (အမေ့အမွေ) |
| ၁၁:၀၅ | နာဂလိုဏ်ဂူ ဘုရားကုန်းမြေမှ လယ်တီဝိပဿနာဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနား |
| ၁၁:၁၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၁) |
| ၁၂:၂၀ | ရွှေရောင်တောက်ပသော အနာဂတ်သစ်များဆီသို့ လူငယ်နှင့်အချစ်ရေး (အပိုင်း-၂) |
| ၁၂:၃၀ | Myanmar Cooking Master (တတိယအဆင့်) (ပွဲစဉ်-၁) |
| ၅:၄၀ | **အနိစ္စမြင်တိုင်း ဝိပဿနာမဖြစ်ဘူး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၄:၀၀ | **MNL (Southern Myanmar Vs Yandanarbon) (LIVE)** |
| ၇:၄၀ | ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၁၈)နှစ်ပြည့်အခမ်းအနားများ] (အပိုင်း-၂) |
| ၈:၀၀ | MRTV- 4 သတင်း |
| ၈:၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၉) |
| ၁၀:၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၂) |
| ၁၁:၂၀ | ဂီတသံစဉ်အလှဆင် (သုမောင်) |
| ၁၁:၄၀ | စိုက်ပျိုးအောင်မြင် စပ်ခရမ်းချဉ် |
| ၁:၃၅ | မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း |
| ၂:၀၀ | လှပသစ်ဆန်းအလှပြင်ခန်း (VIOLET STYLE Beauty Spa) |
| ၂:၂၅ | ရေဆန်စီးတဲ့မြစ် |
| ၂:၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄:၀၀ | ဆင်စွယ်ပန်းပု အခြေပြု လူ့လောကကို အလှဆင်မည် |
| ၄:၂၀ | တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့ |
| ၄:၃၅ | ပရအကျိုးသယ်ပိုးနေမည် မေတ္တာဝါဒီ |
| ၄:၄၅ | ဆုပန်ရည်စူး အရောက်ဖူး... မြတ်ဘုရားဖောင်တော်ဦး |
| ၅:၀၀ | အစီအစဉ်ပြီး။ |

# မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

နေပြည်တော် မေ ၂၇

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ကမာရွတ်လှည်းတန်း (၇)လမ်းတွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်း (၇)လမ်းတွင် ယနေ့ ညနေ ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါလမ်းအတွင်းရှိ တိုက်ခန်းတစ်ခန်းတွင် အမျိုးသမီး သုံးဦးနေထိုင်ကြောင်း၊ အခန်းအပြင်မှနေ၍ အမျိုးသားတစ်ဦးက ဓာတ်ဆီလောင်းပြီးမီးရှို့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားစဉ်က အမျိုးသမီးနှစ်ဦးရှိကြောင်းသိရပြီး တစ်ဦးမှာ မီးလောင်ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါမီးရှို့သောသူမှာ မီးလောင်ခံရသူ၏ အမျိုးသားမိတ်ဆွေတစ်ဦး ဖြစ်ပြီး မီးလောင်ခံရသူနှင့် ၎င်း၏အမျိုးသားမိတ်ဆွေတို့ စကားများကြရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာသို့ မီးသတ်ယာဉ်များနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး မီးရှို့သူအား ရဲစခန်းသို့ခေါ်ဆောင်သွားကြောင်း သိရှိရသည်။ **(၁၆၃)**



## မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်း

# ကလေးဒေသရှိ ရေနံမှော်များ၌ ဒေသခံပြည်သူများစီးပွားဖြစ်

ကလေး မေ ၂၇

ကလေးမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများသည် ဒိုးနွယ်ရေနံမှော်၊ သုခမြိုင်ရေနံမှော်၊ အောင်ချမ်းသာရေနံမှော်၊ ရွှေပြည်သာရေနံမှော်၊ မြအိုးစည်ရေနံမှော်များတွင် တစ်ပိုင်တစ်နိုင် ရေနံစိမ်းတူးဖော်၍ စီးပွားဖြစ်နေကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

ထိုဒေသတွင် ပြည်တွင်းကုမ္ပဏီငါးခုနှင့် အသင်းအဖွဲ့တစ်ဖွဲ့တို့မှာ တူးဖော်ခွင့် လုပ်ကွက်များရရှိ၍ ကုမ္ပဏီနှင့် ဒေသခံပြည်သူတို့ ရေနံစိမ်းများ ပူးပေါင်းကာ တူးဖော်လျက်ရှိသည်။ ဒေသခံပြည်သူများ တူးဖော်ရရှိသော ရေနံစိမ်းများကို ကုမ္ပဏီများက ဒေသအတွင်းပေါက်ဈေးနှုန်းအတိုင်း ဝယ်ယူခြင်း၊ လိုအပ်သောရေနံတူးကိရိယာများ အရစ်ကျစနစ်ဖြင့် ထုတ်ပေးခြင်း၊ တိကျသောအခြင်အတွယ်များဖြင့် ဝယ်ယူခြင်းတို့ကြောင့် ဒေသခံပြည်သူများ စီးပွားဖြစ်နေကြခြင်းဖြစ်သည်။ ရေနံတူးရာတွင် အစုစားတူးခြင်း၊ ကိုယ်ပိုင်တူးခြင်း၊ တစ်ပိုင်တစ်နိုင်စက်ဖြင့်တူးခြင်းများရှိရာ စက်ဖြင့်တူးဖော်လျှင် ကုန်ကျစရိတ် ကျပ် ၁၀ သိန်းမှ သိန်း ၂၀ အထိရှိကြောင်း၊ မြေအောက်အနက်ပေလိုက် ကုန်ကျစရိတ်ပိုများကြောင်း သိရှိရသည်။ "ကုန်ကျစရိတ်ကိုလည်း အရစ်ကျ ထုတ်ပေး၊ ဈေးနှုန်းလည်း မှန်ကန်၊ ခြင်တွယ်မှုလည်း တိကျတဲ့ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီလုပ်ကွက်အတွင်းမှာဆိုရင် ပိုမိုအဆင်ပြေပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

ဒေသထွက် တူးဖော်ရရှိသော ရေနံစိမ်းများကို ကားလမ်း၊ ရေလမ်းခရီးတို့ဖြင့် မုံရွာသို့တင်ပို့၍ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ကြောင်း၊ အချို့ကုမ္ပဏီများမှာ ရေနံထွက်ရှိရာ ကလေးမြို့နယ် ဒိုးနွယ်ဒေသမှ ရေနံချောထွက်ရှိရာ မုံရွာအနီးအထိ စနစ်တကျသွယ်တန်းထားသော ရေနံပိုက်လိုင်းဖြင့်သယ်ပို့ကာ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်နေကြကြောင်း၊ အဆိုပါဒေသတစ်ခုလုံးဆိုလျှင် တစ်နေ့ ရေနံစိမ်းပီပါ ၅၀၀ မှ ၁၀၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ ရေနံစိမ်းဈေးနှုန်းလည်း အတက်အကျ ရှိကြောင်း သိရှိရသည်။ **(၁၆၅)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြန်မာ့ကားလောက တစ်ခေတ်ဆန်းသစ်တော့မည် နိုင်ငံသားတိုင်း ကားတစ်စီးစီ တင်သွင်းခွင့်ရကြပြီ

**သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း-ကိုထွေး**

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ကားစီးနိုင်သည့် လူတန်းစားမှာ ခေတ်အဆက်ဆက် လက်ချိုးရေတွက်၍ရသည့် လူနည်းစုသာဖြစ်ခဲ့သည်။ လူတစ်ဦးချင်း ဝင်ငွေနှင့် ကားတစ်စီး၏တန်ဖိုး အဆပေါင်းများစွာ ကွာဟနေခြင်းက ကိုယ်ပိုင်ကားစီးနိုင်ရန်မှာ တော်ရုံတန်ရုံငွေကြေးရှိရုံဖြင့် လက်လှမ်း၍မမီနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်ခဲ့ရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်ပို့ကုန်လုပ်ငန်းများနှင့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ အစီအစဉ်များတွင် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့မှုများ ပြုလုပ်လျက်ရှိသည်။

ပြီးခဲ့သည့် မေ ၇ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး



နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန မော်တော်ယာဉ် တင်သွင်းခွင့် ဆိုင်ရာ ကြီးကြပ်ရေးကော်မတီရုံး၌ တစ်ဦး ချင်း မော်တော်ယာဉ် တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဆောင်ရွက်ပေးမှုကိုတွေ့ရစဉ်။

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့် အထက် မော်တော်ယာဉ်များ (ခရီးသည်တင်ဘတ်စ်ကားမှအပ) ဘယ်မောင်း/ ညာမောင်း မခွဲခြားဘဲ လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့်ပြုမည် ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါကြေညာချက် ထွက်ပေါ်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်မြို့ရှိ ကားဈေးကွက်၌ ဆလွန်းကားတစ်စီး၏ တန်ဖိုးမှာ လက်ရှိပေါက်ဈေးထက် ငွေကျပ် သိန်း ၅၀ ခန့် ဈေးထိုးကျသွားခဲ့သည်။ ကားဈေးကျဆင်းမှုကြောင့် နစ်နာသူအချို့ရှိသော်လည်း ပြည်သူအများစု ကားဝယ်စီးနိုင်မည့် အခြေအနေက ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ခုပင် ဖြစ်သည်။

တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့် အစီအစဉ်အရ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မည်သူမဆို ကားတစ်စီး တင်သွင်းခွင့်ရရှိကြမည်ဖြစ်ပြီး မည်သည့်ထောက်ခံစာမျှ လိုအပ်တော့မည် မဟုတ်ပါချေ။

နိုင်ငံသားတစ်ဦးအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရုံဖြင့် ကားတင်သွင်းခွင့် လျှောက်ထားနိုင်ကြပြီဖြစ်သည်။ မိမိတို့၌ နိုင်ငံခြားငွေမရှိပါကလည်းရန်ကုန်မြို့ရှိ နိုင်ငံခြားငွေလဲလှယ်ရေးဌာန (Money Changer) များတွင် နိုင်ငံခြားငွေလဲလှယ်၍ အခက်အခဲမရှိ ငွေစာရင်းဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ်များ နေ့ချင်းပြီး ခွင့်ပြုထုတ်ပေးခြင်းကို နေပြည်တော်ရှိ ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ၌ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ည နေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားတင်ပြရာတွင် မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ ဘဏ်စာရင်းမူရင်းနှင့်မိတ္တူ၊ အိမ်ထောင်စုစာရင်းမူရင်းနှင့်မိတ္တူ၊ တင်သွင်းမည့် မော်တော်ယာဉ် Invoice မူရင်း၊မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ စိစစ်ခွင့်ပြုခဲ့သည့် စာရင်းခေါင်းစဉ်တွင်ပါရှိသော သင်္ဘောသားများ၊ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ၊ နိုင်ငံခြား သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ခွင့်ပြုပါမစ် ထုတ်ပေးခဲ့သည့် စာရင်းတွင် မပါဝင်ကြောင်း ခံဝန်ကတိပြုချက်တို့ပါဝင်ရမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီရုံးလုပ်ငန်း အထောက်အကူပြု အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက တစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ "တစ်ဦးချင်း ကားတင်သွင်းခွင့်ပါမစ်ခွင့်ပြုပေးခြင်းအပေါ်မှာ ကားတင်သွင်းလိုသူတွေ ပိုမိုကျေနပ်မှုရှိကြပါတယ်။ အရင်က သင်္ဘောသားဆိုရင် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ထောက်ခံချက်လိုအပ်ပြီး ဘဏ်မှာလည်း အနည်းဆုံး ဒေါ်လာ ၁၀၀၀၀ ရှိရမယ် ဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ အခုဆိုရင် ဘယ်သူ့ထောက်ခံချက်မှ မလိုအပ်တဲ့အပြင် နိုင်ငံခြားငွေစာရင်းမှာ ဒေါ်လာ ၅၀၀၀ရှိရင်ကားတင်သွင်းခွင့် လျှောက်ထားလို့ရပါတယ်။ လက်ရှိကားသွင်းကုန်ပါမစ်ထုတ်ပေးရတဲ့နေ့အလိုက် အစီးရေကို ကြည့်ရင် တစ်နေ့ထက် တစ်နေ့ပိုများလာမယ့်သဘောမှာရှိပါတယ်။ နောင်ဆိုရင် ရန်ကုန်မြို့မှာပါ အခုလိုရုံးလုပ်ငန်းပိုင်းဆိုင်ရာတွေ လုပ်ပေးသွားဖို့ အစီအစဉ်ရှိပါတယ်"ဟုပြောကြားသည်။

နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ တစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်အတွက် လျှောက်ထားကြသူများအနက် ကိုယ်တိုင်မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် လျှောက်ထားကြသူအချို့အား တွေ့ဆုံ၍ မေးမြန်းဖြစ်ခဲ့သည်။

ရွှေဦးစွာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ကျိုက္ကဆံလမ်းတိုက်အမှတ် ၃၆၅ အခန်း ၃၉၃၌ နေထိုင်သူ ဦးဇာကေအာမတ်က "အရင်ကမော်တော်ကားဝယ်စီးဖို့ အိပ်မက်တောင်မမက်ခဲ့ပါဘူး။ အခုနိုင်ငံတော်အစိုးရရဲ့ကျေးဇူးကြောင့် ကိုယ့်မှာရှိတဲ့ စုဆောင်းငွေနဲ့ ပြည်ပမှ မော်တော်ယာဉ်အသစ် (၂၀၀၇ခုနှစ်ထုတ် NissanAD-Van 1500 CC အမျိုးအစား)တစ်စီးကို ဒေါ်လာ၆၆၀၀နဲ့ ဝယ်ယူဖို့ ကားတင်သွင်းခွင့်ပါမစ် လွတ်လပ်လွယ်ကူစွာ ရရှိတဲ့အတွက် အထူးပဲ ဝမ်းသာမိပါတယ်" ဟုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဓမ္မဒါနလမ်းအမှတ် (A-7)၌ နေထိုင်သူ ဒေါ်ကြူကြူဟန်ကလည်း "တစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းခွင့်ပြုပေးခြင်းစနစ်အရ Honda Insight 2009 model 1300 CC မော်တော်ယာဉ်တစ်စီးကို ဒေါ်လာ၅၀၀၀ နဲ့ ပြည်ပမှတိုက်ရိုက်မှာယူ တင်သွင်းခွင့်ရတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။ မော်တော်ယာဉ် တင်သွင်းခွင့် ပါမစ်အတွက် ရုံးကိစ္စဆောင်ရွက်ရာမှာလည်း နေ့ချင်းပြီးဆောင်ရွက်လို့ရတဲ့အတွက် စိတ်ချမ်းသာမှုရှိပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၇၀) ရပ်ကွက်လှော်ကားလမ်း အမှတ်(၅၆-က ခ)၌ နေထိုင်သူ ဦးသန့်ဇင်ရဲရင့်ကလည်း"အခုလိုတစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းခွင့်ပြုပေးခြင်း အစီအစဉ်ကြောင့် ပြည်ပမှ မော်တော်ကားအသစ်တွေ မိမိတို့စိတ်ကြိုက်မှာယူတင်သွင်းခွင့်ရရှိတဲ့အတွက် အထူးပဲ ဝမ်းသာစရာ ကောင်းပါတယ်။ မော်တော်ယာဉ် တင်သွင်းခွင့် စနစ်ကို အင်တာနက်မှ တစ်ဆင့် Commerce Website မှာ ရှင်းလင်းစွာ ကြော်ငြာပေးထားသလို ရန်ကုန်မြို့က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)မှာလည်း သတင်းတွေဖြန့်ဝေပေးလို့ ပြည်သူတွေ ကျယ်ပြန့်စွာ သိရှိလာကြပါတယ်" ဟု ပြောကြားသည်။

**စီစဉ်ဆောင်ရွက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အနာဂတ်ကာလတွင် နိုင်ငံတော်ရှိ ပြည်သူများအနေဖြင့် မော်တော်ယာဉ်အရောင်းပြခန်း (Show Room)များမှဖြစ်စေ၊ နိုင်ငံခြားမှဝယ်ယူတင်သွင်း၍ဖြစ်စေ၊ မိမိတို့တတ်နိုင်သောငွေကြေးဖြင့်လွတ်လပ်စွာ ဝယ်ယူသုံးစွဲသွားနိုင်ရန်အထိ ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြန်မာ့ကားလောက တစ်ခေတ်ဆန်းသစ်လာတော့မည်ဟု သတင်းကောင်းပါး တင်ပြလိုက်ရပါသည်။ ။

## ယဉ်ကျေးလိမ္မာ သင်တန်းအောင်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်း၏ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်သာသနာနုဂ္ဂဟအသင်း ယဉ်ကျေးလိမ္မာ သင်တန်းအောင်ပွဲကို မေ ၂၇ရက်နံနက် ၈နာရီက ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံ



နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)တို့က အသင်း၏ ဆောင်ရွက်မှုများကို လျှောက်ထားကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဒုတိယ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာ သင်တန်း၌ ထူးချွန်စွာ အောင်မြင်ကြသူများ၊ သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းသည် ၂၀၁၁ခုနှစ်မေလမှ ၂၀၁၂ ခုနှစ်မေလအထိ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ၁၁၅ နေရာတွင် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ခဲ့ရာ သင်တန်းသား သုံးသောင်းကျော်တက်ရောက်ခဲ့ပြီး နယ်မြို့များတွင် ဖွင့်လှစ်လျက်ရှိကာ ယင်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သိရှိရသည်။ **(ကိုကိုစိုးညွန့်)**

## (၅၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၇

အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တွင် ဒလမြို့နယ်နေ ဒေါ်ခင်စန်းဝင်းသည် မေ ၂၂ ရက်က (၅၂) ကြိမ်မြောက် သွေးလှူဒါန်းသွားကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**



## ဖျာပုံမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ဖျာပုံ မေ ၂၇

ဖျာပုံမြို့နယ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက (၁) အောင်မြေခန်းမ၌ မေ ၂၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက် တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးဌေးဝင်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းက ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအပ်နှံမည့်စာရင်းကို မြို့နယ်ပညာရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းထံ ပေးအပ်သည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၂၁၅၀၀ကို မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

**မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**







### မြန်မာ့အလင်း စာတည်းထံပေးစာများ

## စပါးခွံဖွဲပြာများ ပတ်ဝန်းကျင်ပျံ့လွင့်

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လှတောရွာ အထက်တန်းကျောင်းအနီးရှိ ဆန်စက်မှ စပါးခွံဖွဲပြာများ ပတ်ဝန်းကျင်သို့ ပျံ့လွင့်နေပြီး ပတ်ဝန်းကျင်နေထိုင်သူများနှင့် ခရီးသွားပြည်သူတို့၏ မျက်စိအတွင်းသို့ ဝင်ရောက်လျက်ရှိသောကြောင့် မျက်စိကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**လှတောသား**

## ကြက်ခြံမှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက် ပိတောက်မြိုင်လမ်းရှိ အိမ်တစ်အိမ်သည် ကြက်များကို စီးပွားဖြစ် မွေးမြူထားသဖြင့် ကြက်ခြံမှထွက်သော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါကြက်ခြံကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

## နောက်ဖေးလမ်းကြား အတွင်းမှ အနံ့ဆိုး ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြို့သစ်(၁)လမ်းနှင့် အောင်မင်္ဂလာ ပတ်လမ်းထောင့်ရှိ တိုက်တစ်တိုက်၏ နောက်ဖေးတွင် မိလ္လာပိုက်များ၊ ရေဆင်းပိုက်များ ပြတ်တောက်ပေါက်ထွက်နေသည့်အပြင် အမှိုက်များ ပစ်ချသဖြင့် အနံ့ဆိုးများထွက်နေခြင်းကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးစိုးရိမ်သူ**

# အစိုးရသစ်လက်ထက် ၁၄ စင်းမြောက် ရွှေစမ်းချောင်းတံတား မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဖွင့်လှစ်

# ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များ အပြန်အလှန်ကူးလူးသယ်ယူပို့ဆောင်နိုင်မည်

နေပြည်တော် မေ ၂၇

**ရွှေစမ်းချောင်းတံတားသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီး အပိုင်း(၂) မိုင်တိုင်အမှတ် (၃၄၄/၁)တွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ ၀ ဒသမ ၈ မီတာ အချင်းဘိုးပိုင်အုတ်မြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ် ပိုင်ထိပ်အုပ်တိုင် ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံပန်းလက်ရန်းဖြစ်ပြီး တံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီပါရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။**



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ရွှေစမ်းချောင်းတံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်သန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့ကို ဆက်သွယ်ထားသည့် ပုသိမ်-မုံရွာ ကားလမ်းအပိုင်း(၂) မိုင်တိုင်အမှတ် (၃၄၄/၁)ရှိ ရွှေစမ်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည်။ ရွှေစမ်းချောင်းမှာ အနောက်ရိုးမမှ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် တောင်ကျချောင်းကြီးဖြစ်သည်။ သာမန်အချိန်တွင် ရေမရှိဘဲ သဲများသာရှိသည့် ချောင်းပြင်ကျယ်ကြီးတစ်ခုဖြစ်၍ မော်တော်ယာဉ်များ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာ၍ရသော်လည်း မိုးတွင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းလျှင် ရေများအရှိန်အဟုန်ဖြင့် စီးဆင်းလာတတ်သဖြင့် ဖြတ်သန်းသွားလာ၍မရဘဲ ချောင်းတစ်ဖက်ကမ်းမှနေ၍ ရေအကျကို နှစ်ရက်၊ သုံးရက်ခန့် စောင့်ပြီးမှ ဖြတ်ကူးရသည်။

## မြန်ဆန်သွက်လက်

ထို့ကြောင့် မော်တော်ယာဉ်များသွားလာမှုကို နှောင့်နှေးကြန့်ကြာစေပြီး အချိန်ကုန်လူပန်းဖြစ်ခဲ့ရသည်။ နိုင်ငံတော်က ၎င်းတံတားကြီးကို တည်ဆောက်ပေးခဲ့သကဲ့သို့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ တိုးတက်စေရေးအတွက် မဟာဗျူဟာမြောက် ပုသိမ်-မုံရွာကားလမ်းမကြီးကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းလမ်းမကြီးမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန်ကူးလူးသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ရာ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်လုံခြုံရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက် ဆောင်ရွက်ပြီးစီးသဖြင့် ၁၄ စင်းမြောက် ဖွင့်လှစ်သော ရွှေစမ်းချောင်းတံတားဖွင့်ပွဲအခမ်းအနားကို

*စာမျက်နှာ ၉ ကော်လံ ၄* ❐

# ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် အသေးစားဟိုတယ်များကို ဒေသနှင့်လိုက်လျောညီထွေထူထောင်တည်ဆောက်

နေပြည်တော် မေ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ Reform Strategy Report တင်ပြမည့်ကိစ္စရပ်များတွင် ကျိုင်းတုံ၊ ပူတာအို၊ ဖလမ်း၊ ဟားခါး စသည့်ဒေသများ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်ရွယ်ချက်ဖြင့် အသေးစားချေးငွေ Micro Financing အကူအညီဖြင့် အသေးစားဟိုတယ်များကို ဒေသနှင့်လိုက်လျောညီထွေစွာထူထောင်အားပေးတည်ဆောက်ရပ်တည်နိုင်ရေးအတွက် မိမိဝန်ကြီးဌာန အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့်သော်လည်းကောင်း ဆောင်ရွက်သွားရန်၊ Master Plan ရေးဆွဲပြီးလျှင် အနာဂတ်ကာလတွင် ဆက်လက်အကောင်အထည်ဖော်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မည်ကဲ့သို့စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ကိုလည်း နှစ်တို ငါးနှစ်စီမံကိန်း၊ နှစ်လတ် ၁၀ နှစ် စီမံကိန်း၊ နှစ်ရှည် နှစ် ၃၀ စီမံကိန်းများကဲ့သို့ နှစ်တိုနှစ်လတ်နှစ်ရှည် Plan ရေးဆွဲတင်ပြရန်နှင့် ဟိုတယ်ဇုန်အလိုက် Carring Capacityကိုပါ ထည့်သွင်းဖော်ပြရန်လိုအပ်ကြောင်း၊ Promotion & Marketing အပိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) မှ ရရှိသောဝင်ငွေဖြင့် ဆောင်ရွက်သည့် ပုံစံမျိုးမဟုတ်ဘဲ Long Term တွင် ပုဂ္ဂလိကပြည်ပအကူအညီအထောက်အပံ့ စသည့် မည်သည့်ပုံစံ/အကျိုးအမြတ်ဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ရေးဆွဲတင်ပြရန် လိုအပ်ကြောင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ကျင်းပသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၁၂) ကြိမ်မြောက်အစည်းအဝေးတွင် ဆွေးနွေးမှာကြားခဲ့သည်။

## ခွင့်ပြုပေးခဲ့

အဆိုပါ အစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင်ခွင့်ပြုရန် စိစစ်ထောက်ခံတင်ပြလာသည့် ဟိုတယ် တစ်လုံး၊ ဟိုတယ်ဆောက်လုပ်ခွင့်ပြုရန် စိစစ်တင်ပြလာသည့် ဟိုတယ် လေးလုံး၊ စိစစ်တင်ပြလာသည့် နိုင်ငံသားပိုင်ခရီးသွားကုမ္ပဏီသုံးခု၏ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်နှင့် နိုင်ငံခြားပိုင်ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေး လိုင်စင်တစ်ခုတို့အား ခွင့်ပြုပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ ၂၇-၅-၂၀၁၂

| | |
|---|---|
| ကလေးဝမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မော်လိုက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ကလေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၇-၅-၂၀၁၂

| | |
|---|---|
| လားရှိုးမြို့ | ၂ ဒသမ ၂၅ လက်မ |
| အမ်းမြို့ | ၂ ဒသမ ၀၅ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၀၁ လက်မ |
| တောင်ကြီးမြို့ | ၁ ဒသမ ၃၄ လက်မ |
| ထားဝယ်မြို့ | ၀ ဒသမ ၈၆ လက်မ |

## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

နှစ်သန်းပေါင်း ၁၃၀ က ဝံပုလွေငယ် အရွယ်ရှိ ဒိုင်နိုဆော မျိုးစိတ်သစ် ရုပ်ကြွင်းတွေ့ရှိ



(စာ - ၅)



ဥရောပချန်ပီယံရှစ် ရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀ လိပ်ပြာကူး၌ မီလော့ကာဗစ်ဗိုလ်စွဲ

(စာ - ၇)

ဟောလိဝုဒ်၌ အောင်မြင်မှု အရှိဆုံး ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်



(စာ - ၇)